# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၁၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

### စစ်မြေပြင်အတွက် မိမိတို့တတ်ကျွမ်းသည့် အင်ဂျင်နီယာအတတ်ပညာများကို အသုံးချရမည်ဖြစ်သကဲ့သို့ သင်ကြားပေးလိုက်သည့် စစ်နည်းဗျူဟာ ဘာသာရပ်များကိုလည်း အသုံးချပြီး ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရေး ကြိုးစားလုပ်ဆောင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


## ပြည်တွင်းသုံးစွဲရန်လိုအပ်သော စက်သုံးဆီများ သိုလှောင်ထားရှိမှုနှင့် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သန်လျင်မြို့နယ် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)ရှိ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် စက်သုံးဆီကန်များအတွင်း၌ စက်သုံးဆီသိုလှောင်ထားရှိမှုအခြေအနေနှင့် ဆီသယ်ယာဉ်များပေါ်သို့ စက်သုံးဆီဖြည့်တင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


**မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် MNDAA၊ TNLA ၊ AA အဖွဲ့တို့မှ တာဝန်ရှိသူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်**


ပြည်တွင်းသတင်း စာ ၁၂

# ပြည်ဖျက်မည့်ရည်ရွယ်ချက်များနှင့် သတင်းတု၊ သတင်းမှားတို့ အန္တရာယ်

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည့် ကောလာဟလ၊ သတင်းတု၊ သတင်းမှားများကို အများပြည်သူ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရေး၊ အထင်အမြင်လွဲမှားမှုများ မဖြစ်စေရေးတို့အတွက် မည်သည့်ပြည်ဖျက်မီဒီယာက ရေးသားဖြန့်ဝေသည့် မည်သည့်သတင်းသည် သတင်းတု သတင်းမှားသာဖြစ်ကြောင်း နေ့စဉ်နှင့်အမျှ သတင်းများ ထုတ်ပြန်နေရသည်။ မီဒီယာတို့မည်သည် သတင်းအစစ်၊ သတင်းအမှန်များဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေးရှုသင့်သော်လည်း တိုင်းတစ်ပါး၏ အထောက်အပံ့ကို နောက်ကွယ်မှရယူပြီး မိမိနိုင်ငံ အလုံးစုံပျက်သုဉ်းရေး ရည်ရွယ်ချက်ဖြင့် မမှန်ကန်သည့် လုပ်ကြံဖန်တီးသတင်းများ ရေးသားဖြန့်ဝေနေကြသည့် မီဒီယာအမည်ခံများကို ပြည်ဖျက်မီဒီယာအဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး ၎င်းတို့ရေးသားဖြန့်ဝေနေသည့် သတင်းများကိုလည်း လက်ခံယုံကြည်မှုမရှိရန်၊ အမှတ်တမဲ့ထပ်ဆင့်ဖြန့်ဝေမှု မပြုရန်လိုသည်။

အွန်လိုင်းတွင်တွေ့ရှိရသည့် သတင်းတစ်ပုဒ်ကို ဟုတ် မဟုတ်၊ မှန် မမှန် ဆန်းစစ်နိုင်ရန်မှာ သတင်းထုတ်ပြန်သည့် အရင်းအမြစ်သည် မည်သည့်သတင်းဌာနဖြစ်သည်ကိုလည်းကောင်း၊ သတင်း၏ ရည်ရွယ်ချက်သည် အဘယ်နည်းဆိုသည်ကိုလည်းကောင်း ဂရုပြုဖော်ထုတ်နိုင်ရန်လိုသည်။ ထို့အပြင် သတင်း၌ ဖော်ပြပါရှိသော ကိန်းဂဏန်းအချက်အလက်များ မှန် မမှန်၊ မည်သည့်အဖွဲ့အစည်းမှ ကိန်းဂဏန်းများကို ရယူထားသည်ဆိုသည့်အချက်ကိုလည်း သတိဖြင့် ဆန်းစစ်သင့်သည်ဟု ကျွမ်းကျင်သူများက ပြောကြားကြသည်။ သတင်းနှင့်စပ်လျဉ်း၍ မှန်ကန်ခိုင်မာမှုကို အထောက်အကူဖြစ်သည့် အချက်အလက်များ စစ်တမ်းကောက်ယူရာတွင်လည်း လူများစုကြီး၏ ယေဘုယျအမြင်ကို ဘက်မလိုက်ဘဲ မျှတစွာရယူထားသည့် အချက်အလက်များ ဟုတ် မဟုတ် စိစစ်လေ့လာနိုင်ရန်လည်း လိုသည်။

သတင်းတု၊ သတင်းမှားများ ထွက်ပေါ်လာပါက တုံ့ပြန်ဖြေရှင်းခြင်းသည် အဆိုပါသတင်းအမှားကို လူအများပိုမိုဂရုပြုမိလာစေပြီး ပိုမိုပျံ့နှံ့စေသည်ဟူသော အယူအဆဖြင့် တုံ့ပြန်ဖြေရှင်းမှု မပြုရန် အကြံပြုမှုများလည်းရှိသည်။ လူတို့၏ အလေ့အထမှာ သတင်းအမှားကို လက်ခံယုံကြည်မိပြီးပြီဆိုပါက နောက်ထပ်သတင်းအမှန်ထွက်ပေါ်လာစေကာမူ ယုံကြည်ပြီးသားအမှားကို မစွန့်လွှတ်နိုင်ကြဟုလည်းဆိုသည်။ မည်သို့ပင်ဆိုစေ နိုင်ငံနှင့်ချီသည့် အရေးအရာကိစ္စများ၊ ပြည်သူလူထုနှင့်ဆိုင်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ကောလာဟလများ၊ သတင်းတု သတင်းမှားများကို မဟုတ်မမှန်ကြောင်း၊ မှားယွင်းကြောင်း ထုတ်ပြန်ခြင်း၊ သတင်းမှန် ဖြစ်ရပ်မှန်ကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံမှန်ကန်စွာထုတ်ပြန်ခြင်းမှာ မဖြစ်မနေလုပ်ရမည့်အလုပ်ဖြစ်သည်။ သတင်း၏ သဘောသဘာဝအရ သတင်းတစ်ပုဒ်၏နောက်တွင် အကျိုးသက်ရောက်မှုတို့ဖြစ်ပေါ်စမြဲဖြစ်ရာ မသမာသူများ၊ ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံနှင့် ပြည်သူလူထုအတွင်း တုန်လှုပ်ချောက်ချားမှု၊ မတည်ငြိမ်မှု၊ အကြမ်းဖက်မှု၊ အထင်အမြင်လွဲမှားမှု၊ မုန်းတီးနာကြည်းမှု၊ ဒေါသအမျက်ထွက်မှု စသည်တို့ဖြစ်ပေါ်လာပြီး ထိန်းမနိုင် သိမ်းမရနှင့် အလုံးစုံပျက်သုဉ်းသွားစေရန်ပင် ဖြစ်သည်။ တိုင်းပြည်ပြိုကွဲပျက်စီးမှုကို ပြည်သူများ နားယောင်လက်ခံလာစေရန် နှုတ်ကြောင်းပေး ရေးသားဖော်ပြဖြန့်ဝေမှုများကို မကြာခဏဆိုသလို တွေ့မြင်နေရာ သတိပြုဖယ်ရှားသွားနိုင်ရန်လိုသည်။

နည်းပညာများ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ သတင်းတု၊ သတင်းအမှားများမှာ အစစ်အမှန်နှင့် ခွဲခြား၍ မရနိုင်လောက်သည်အထိ တွေ့ကြုံလာကြရဖွယ်ရှိသည်။ သတင်းဟုဆိုပြီး မြင်မြင်သမျှ၊ ကြားကြားသမျှသော သတင်းစာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ အသံ၊ ရုပ်ရှင်တို့အထိ ဟုတ် မဟုတ်၊ မှန် မမှန် ဆန်းစစ်ဝေဖန်ကြရန်လိုသည်။ သတင်းတု သတင်းမှားသည် လူတစ်ယောက်၏ ဘဝနှင့် အသက်အန္တရာယ်မှအစပြုကာ နိုင်ငံတစ်ခုလုံး မတည်မငြိမ်ဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နိုင်သည်အထိ အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်ကို အလေးဂရုပြု၍ အမှားအမှန်ခွဲခြားသိမြင်နိုင်ကြပါစေကြောင်း။ ။




## ရန်ကုန်တိုင်းဒေသကြီးရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**ရန်ကုန်  ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးရှိ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့်ရပ်/ကျေး ရှစ်ခုမှ ပြည်သူ ၄၄၅ ဦး၊ တာမွေမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၅၀၊ ခရမ်းမြို့နယ် ရပ်/ကျေး ၃၅ ခုမှ ပြည်သူ ၄၉၈ ဦး၊ ဒဂုံမြို့နယ် ရပ်ကွက် ငါးခုမှ ပြည်သူ ၄၃၂ ဦး



တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာမှုများ ဆောင်ရွက်ခဲ့ကြပြီး အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို သက်ဆိုင်ရာ နယ်မြေအလိုက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်များလည်း တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေး လေ့လာအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၁၂ ရက်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ တာမွေမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒဂုံမြို့နယ်များတွင် တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မုဒုံ  ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ စက်သုံးဆီများ ရောင်းချသည့် ဆီဆိုင်များတွင် စက်သုံးဆီများ ရောင်းချနေမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်း၊ သတင်းရဲတပ်ဖွဲ့မှ ဒုရဲမှူး နေမင်းအောင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်း တရားဝင်ရောင်းချလျက်



ရှိသော အပါးချမ်း၊ Always၊ Asia Mon-2၊ ကျော်စံကုမ္ပဏီ စက်သုံးဆီ အရောင်းဆိုင်တို့တွင် စက်သုံးဆီဆိုင်များ၏ နေ့အလိုက် ဆီခွဲတမ်းရရှိမှု၊ ရောင်းချနေမှုများ၊ ဆီကန်များ၌ ဆီသိုလှောင်ထားရှိမှု၊ မြေပြင်၌ စက်သုံးဆီလက်ကျန်ထားရှိမှု အခြေအနေများအား စစ်ဆေးခဲ့သည်။

ထို့နောက် ဆီဆိုင်များအနေဖြင့် ဆီဈေးနှုန်းအတက်အကျပေါ်မူတည်၍ ရောင်းချရန်၊ သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုင်ပိုင်ရှင်များနှင့် မန်နေဂျာများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သားငယ်(ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော်  ဒီဇင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**❖ အမိတက္ကသိုလ်ကြီးက အရည်အချင်းပြည့်ဝသည့်အင်ဂျင်နီယာများအဖြစ် မွေးထုတ်ပေးရာတွင် အခြေခံကျသည့် အင်ဂျင်နီယာပညာရပ်များအပြင် သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် အင်ဂျင်နီယာဒဿနအမြင်နှင့် အင်ဂျင်နီယာကျင့်ဝတ်များကို သိရှိလိုက်နာနိုင်စေရန် ဖြည့်စွက်သင်ကြားပေးခဲ့ပြီးဖြစ်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များဖြစ်သည့် တိကျခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည့်အခြေခံအုတ်မြစ်ကောင်းများ ရရှိပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ်တွင် အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်သည့်အခါ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များကို တိကျစွာလိုက်နာကျင့်ကြံလုပ်ဆောင်**



❑ *ရွှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်နည်းပညာတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၈၁၉၇ ၊ ဗိုလ်လောင်း ကောင်းခန့်ဇော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၂၆၂ ၊ ဗိုလ်လောင်း ဘုန်းမြင့်ကျော်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၂၂၄ ၊ ဗိုလ်လောင်း စိုင်းမင်းသန့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ *စာမျက်နှာ ၄ သို့*

◆ *ရွှေ့ဖုံးမှ*

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြတ်မေတ္တာမွန်စက်သုံးဆီသိုလှောင်ကန်စခန်းသို့ရောက်ရှိရာ အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းသိုလှောင် ရောင်းချဖြန့်ဖြူးရေးအသင်းဥက္ကဋ္ဌ ဦးခင်စိုးနှင့် တာဝန်ရှိသူများက လတ်တလောစက်သုံးဆီရောင်းချနေမှုအခြေအနေများ၊ သိုလှောင်ကန်များအတွင်း ရောင်းချရန်စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် အရန်စက်သုံးဆီသိုလှောင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်ရှိရာ ယခင်လများနှင့်မတူ ပွင့်လင်းရာသီရောက်ရှိလာမှုကြောင့် စက်သုံးဆီသုံးစွဲမှုဝယ်လိုအားမြင့်တက်လာကြောင်း၊ ထို့ပြင် မော်တော်ဆိုင်ကယ်၊ လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်သုံးဆီထည့်၍ သုံးစွဲရသည့်အတွက်လည်း စက်သုံးဆီဝယ်လိုအားမှာ သိသိသာသာမြင့်တက်လာကြောင်း၊ အချို့ဆိုင်များတွင် သိုလှောင်ကန်သို့ ဆီသယ်ယာဉ်ဆီဖြည့်သွားစဉ် ခေတ္တခဏအရောင်းရပ်ထားခြင်းများကြောင့် ဆီပြတ်တောက်မည်စိုးရိမ်သော သုံးစွဲသူပြည်သူများက စိုးရိမ်စိတ်ဖြင့် တစ်စတစ်စများပြားလာခြင်းဖြစ်ကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း ပုံမှန်အနေအထားအဖြစ် ပြန်လည်ရောက်ရှိရေးအတွက် စက်သုံးဆီဆိုင်အရောင်းဆိုင်များသို့ လုံလုံလောက်လောက် ရောင်းချပေးထားပြီးဖြစ်ကြောင်းနှင့် ဖြေရှင်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆီသိုလှောင်ကန်မှ ဆီသယ်ယာဉ်များအပေါ်သို့ ဆီဖြည့်သွင်းသည့်စနစ် အားနည်းချက်မရှိရေး၊ အစီအစဉ်တကျဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနှင့် ဆိုင်အရောက်မြန်ဆန်ရေးစနစ်သည် အကောင်းဆုံးဖြစ်၍ ဆောင်ရွက်ကြရန်၊ ယခုလိုဖြစ်နေချိန် အမြန်ဆုံးပြေလည်အောင် ဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်သုံးဆီသိုလှောင်ကန်စခန်းများဖြစ်သော Myat Myitter MonTerminal၊ Max Terminal၊ Regency SPC Terminal၊ Padauk Shwe War Terminal၊ Brighter Energy Terminal တို့တွင် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**(အောက်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်–သီလဝါဆိပ်ကမ်းလမ်း မိုင်တိုင် (၂/၄ မှ ၂/၅)အတွင်း တိုင်းဒေသကြီးလမ်းဦးစီးဌာနက ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အမှတ်၈၁၉၇၊ ဗိုလ်လောင်း ကောင်းခန့်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၂၆၂၊ ဗိုလ်လောင်း ဘုန်းမြင့်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၂၂၄၊ ဗိုလ်လောင်း စိုင်းမင်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်ဂျင်နီယာပညာရပ်သည် သင်္ချာပညာရပ်နှင့် သိပ္ပံပညာရပ်များကို သင်ယူမှု၊ လေ့လာမှု၊ လက်တွေ့ဆောင်ရွက်မှုများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးခြင်းဖြစ်ပြီး လူမှုအဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ၊ စက်ပစ္စည်းနှင့်ယာဉ်ယန္တရားများ၊ အခြားခေတ်မီ ရုပ်ဝတ္ထုပစ္စည်းများကို တီထွင်ထုတ်လုပ်မှုအတွက် အသုံးချရသည့်ပညာရပ်ဖြစ်ကြောင်း။

**အခြေခံကျင့်ဝတ်များကိုတိကျစွာလိုက်နာ**

အမိတက္ကသိုလ်ကြီးက အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများအဖြစ် မွေးထုတ်ပေးရာတွင် အခြေခံကျသည့် အင်ဂျင်နီယာပညာရပ်များအပြင် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် အင်ဂျင်နီယာဒဿနအမြင်နှင့် အင်ဂျင်နီယာကျင့်ဝတ်များကို သိရှိလိုက်နာနိုင်စေရန် ဖြည့်စွက်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များဖြစ်သည့် တိကျခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် အခြေခံအုတ်မြစ်ကောင်းများ ရရှိပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ်တွင် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များကို တိကျစွာလိုက်နာကျင့်ကြံလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

**❍ ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မယ်ဆိုပါက ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီး နိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသည့် ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည်ထားရမည်**

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော်(ကြည်း၊ ရေ၊လေ) လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သော်လည်း တပ်မတော် နည်းပညာတက္ကသိုလ်က သင်ကြားပေးလိုက်သည့် အခြေခံအင်ဂျင်နီယာ ပညာရပ်များသည် တူညီမှုရှိသည့်အတွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များသည် ခြေလျင်တပ်ဖွဲ့များနှင့်အတူ စစ်ရေးအသိ၊ စစ်ရေးသတိရှိစွာဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ညှိနှိုင်းပေါင်းစပ် တိုက်ပွဲဝင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများသည် တိုင်းပြည်ကို ကာကွယ်ရန် မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများ ဖြစ်သည့်အတွက် တိုက်ပွဲဝင်ရာတွင် **“ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း”** ဆိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်ရှိရမည်ဖြစ်ကြောင်း။

**တပ်မတော်သားအင်ဂျင်နီယာ သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်**

စစ်မြေပြင်အတွက် မိမိတို့တတ်ကျွမ်းသည့် အင်ဂျင်နီယာအတတ်ပညာများကို အသုံးချရမည် ဖြစ်သကဲ့သို့ သင်ကြားပေးလိုက်သည့် စစ်နည်းဗျူဟာဘာသာရပ်များကိုလည်း အသုံးချပြီး ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုအပြင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ရန်အတွက် တိုက်ပွဲဝင်စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိများ တိုးတက်ကောင်းမွန်အောင် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ စစ်ပညာတတ်ကျွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကို အခြေခံပြီး အင်ဂျင်နီယာအတတ်ပညာနှင့် စစ်ပညာများကို **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူပြီး ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သားအင်ဂျင်နီယာသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် အထူးအလေးထားမှာကြားလိုကြောင်း။

ကမ္ဘာပေါ်တွင် ထုထည်အကြီးမားဆုံးနှင့် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားကိုးကွယ်ခဲ့ရာတွင် တပ်မတော်သားအင်ဂျင်နီယာပညာရှင်များအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

- **နည်းပညာရပ်ဆိုင်ရာများဆောင်ရွက်ရာတွင် မိမိတို့ရှေ့မှ အင်ဂျင်နီယာပညာရှင်များနှင့် အချင်းချင်းတိုင်ပင်ဆွေးနွေးဆောင်ရွက်**
- **နည်းပညာရပ်များ ပိုမိုသင်ကြားတတ်မြောက်ကျွမ်းကျင်သည့် အင်ဂျင်နီယာပညာရှင်ကြီးများ၊ နည်းပညာရှင်ကြီးများ ဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်**
- **တိုင်းပြည်အတွက်၊ တပ်မတော်အတွက်၊ ပြည်သူအတွက် အထောက်အကူပြုသည့် ပညာရှင်ကြီးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**

*စာမျက်နှာ ၄ မှ*

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မည့် စကျင်ကျောက်တုံးတော်ကြီးကို ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် နေပြည်တော်သို့ သယ်ယူပင့်ဆောင်ရာတွင် တူးမြောင်းဖောက်လုပ်ခြင်း၊ လိုအပ်သည့်လမ်းများဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ပလ္လင်အောက်ခံ Foundation တည်ဆောက်ခြင်း၊ မြေငလျင်ဒဏ်၊ လေပြင်းမုန်တိုင်းနှင့် လျှပ်စစ်မိုးကြိုးဒဏ်ခံနိုင်ရေးတို့အတွက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ရှုထောင့်မျိုးစုံက စဉ်းစားသုံးသပ်ပြီး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့်နည်းပညာသုံး CNC စက်ကြီးများအသုံးပြုပြီး ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပုံဖော်ခြင်းအပါအဝင် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရာ၌ သံမဏိမျှော်စင်နှင့် သံမဏိပန်းတောင်း တည်ဆောက်အသုံးပြုခြင်းများကို ပြည်ပမှ အတတ်ပညာရှင်များမပါဘဲ တပ်မတော်သား အင်ဂျင်နီယာများက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုအပေါ် နိုင်ငံတကာအင်ဂျင်နီယာအဖွဲ့အစည်းများကပါ အသိအမှတ်ပြုမှုရရှိခဲ့ခြင်းကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားအင်ဂျင်နီယာများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

**စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေ**

ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့်ကျွမ်းကျင်မှု စသည့် ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာ အယူအဆများ၊ ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများနှင့် စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန်လိုအပ်ကြောင်း၊ ကြည်း၊ ရေ၊ လေနှင့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့များအားလုံးကို ခေတ်နှင့်လျော်ညီအောင် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေနဲ့ ကာကွယ်ရေးဆိုင်ရာကဏ္ဍတွင် လိုအပ်သည့် အသစ်တီထွင်ထုတ်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများကို **"အင်ဂျင်နီယာ စွမ်းပကား၊ တပ်မတော်အား"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မယ်ဆိုပါက ခေတ်မီနည်းပညာများနှင့်စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီးနိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိသြဇာခံအဖြစ် ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသည့် ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီး နိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့်နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံ မြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများ ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်မှ AI (Artificial Intelligence) ဟုခေါ်သည့် ဉာဏ်ရည်တုနည်းပညာအသုံးပြုကွပ်ကဲထိန်းချုပ်မှုနည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မှုရေးရာတော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တုနည်းပညာ(AI) အခန်းကဏ္ဍကိုလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူရန် လိုအပ်ကြောင်း။

ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် ခေတ်သစ်စစ်ပွဲများကို မျှော်မှန်းပြီး ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရာတွင် ဉာဏ်ရည်တုနည်းပညာအပြင် အခြားကာကွယ်ရေးသုတေသနလုပ်ငန်းများတွင်လည်း များစွာရင်းနှီးမြှုပ်နှံလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နည်းပညာအခြေပြု ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ဆောင်လာကြသည့်နည်းတူ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုကြောင့် နည်းပညာရပ်များ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာ့အခင်းအကျင်း ပြောင်းလဲမှုများသည် လျင်လျင်မြန်မြန် ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း အမြဲသတိချပ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံအတွက် အကောင်းဆုံးအသုံးချသွားရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အတွက် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသည့် ကျစ်လျစ်ခိုင်မာတောင့်တင်းသော တပ်မတော်ဖြစ်စေရေး "စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်" ဆိုသည့် စွမ်းရည်သုံးရပ် ပြည့်စုံနေရန်လိုအပ်ကြောင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံရန်အတွက် တပ်တိုင်း ရဲဘော်တိုင်းတွင်ရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ်ပြည့်စုံမှုရှိရန် လိုအပ်မည်ပင်ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်သည် အပြန်အလှန် ချိတ်ဆက်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ပြည့်စုံကောင်းမွန်မှုမှတစ်ဆင့် စစ်ရေးစွမ်းရည် တိုးတက်အောင်မြင်ခြင်းနှင့်စည်းရုံးရေးစွမ်းရည်သည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

**ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရသည့် အချိန်အတွင်း၌ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားကြရမည်ပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို လက်တွေ့ကျကျ ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် ခေါင်းဆောင်ကောင်းအင်္ဂါရပ်များနှင့်အညီ ကွပ်ကဲအုပ်ချုပ်ပြီး စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို တိတိကျကျ လိုက်နာကျင့်ကြံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိလက်အောက်ငယ်သားများအပေါ် မျှတသည့်စိတ်ထား၊ မှန်ကန်သည့် သဘောထား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းကျွမ်းကျင်မှုအပြင် ရဲဘော်ရဲဘက်စိတ်ထားရှိကာ ကွပ်ကဲအုပ်ချုပ်ပြီး တပ်နေပျော်စေရေးနှင့် သက်သာချောင်ချိရေးကောင်းမွန်စေရန် အမြဲစီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

တပ်ပြင်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူလူထု၏အကျိုးစီးပွားကို မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်သွားကြရမည်ပင် ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်ခြင်းကြောင့် ပြည်သူလူထု၏ နေ့စဉ်ဘဝလုံခြုံရေးကို ဘက်ပေါင်းစုံက တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြရမည်လည်း ဖြစ်ကြောင်း။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်**

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ဖွဲ့၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ပေးခြင်းလုပ်ငန်းများတွင်လည်း အားတက်သရော စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြရမည်ပင်ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာရပ်တည်ပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်သည် ပြည်သူများနှင့် တစ်သားတည်းဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုသည် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးသော အခြေခံအချက်ဖြစ်သည့်အတွက် တာဝန်ကျရာဒေသအသီးသီးရောက်ရှိချိန်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး တပ်ပြင်စည်းရုံးရေး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

*စာမျက်နှာ ၆ သို့*

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း အရာရှိများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်နည်းပညာတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်စဉ်။

**ညစာအတူတကွသုံးဆောင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်း ၆ နှစ်တာကာလအတွင်း မလျှော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းအားထုတ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများကို ရရှိကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသကဲ့သို့ မိဘများကိုယ်စားလည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရည်မှန်းချက်များထားရှိ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍ အရာရှိများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ချိန်တွင် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ သင်တန်းတက်ရောက်စဉ် စည်းကမ်းလိုက်နာမှု၊ ကြိုးပမ်းအားထုတ်ခဲ့မှုများအတိုင်း ဆက်လက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် အနာဂတ်တွင် တပ်မတော်၏ ပခုံးပြောင်းတာဝန်များကို ထိုက်ထိုက်တန်တန် တာဝန်လွှဲပြောင်းထမ်းဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူတိုင်း ပထမ ဖြစ်ခွင့်ရှိသော်လည်း လူတိုင်းပထမ မရနိုင်ကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပထမနေရာကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုထိန်းသိမ်း၍ မိမိဘဝတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုကို အများက အသိအမှတ်ပြုအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ်၊ တပ်မတော်အပေါ်၊ မိမိအထက်အကြီးအကဲနှင့် လက်အောက်ငယ်သားများအပေါ် သစ္စာရှိစွာဖြင့် ရိုးသားစွာ ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ အလားတူ မိမိတို့၏ဘဝကို လမ်းညွှန်သွန်သင်ဆုံးမပေးခဲ့သည့် မိဘနှင့်ဆရာသမားများ၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ အင်ဂျင်နီယာပညာရှင်များဖြစ်သဖြင့် Engineering Philosophy ကိုလည်း အသုံးချရန်လိုကြောင်း၊ နည်းပညာရပ်ဆိုင်ရာများဆောင်ရွက်ရာတွင် မိမိတို့ရှေ့မှ အင်ဂျင်နီယာပညာရှင်များနှင့် အချင်းချင်းတိုင်ပင်ဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း၊ နည်းပညာရပ်များ ပိုမိုသင်ကြားတတ်မြောက်ကျွမ်းကျင်သည့် အင်ဂျင်နီယာပညာရှင်ကြီးများ၊ နည်းပညာရှင်ကြီးများ ဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက်၊ တပ်မတော်အတွက်၊ ပြည်သူအတွက် အထောက်အကူပြုသည့် ပညာရှင်ကြီးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့ဘဝကိုထိခိုက်စေနိုင်သည့် မူးယစ်သောက်စားပျော်ပါးခြင်းများကိုလည်း တတ်နိုင်သမျှရှောင်ကြဉ်ကြရန်လိုကြောင်း၊ လူတိုင်းသည် ဘက်စုံ၌ မပြည့်စုံနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် လူ့ဘဝ၏တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံပွဲတွင်အမှာစကားပြောကြားစဉ်။

# လေ့ကျင့်သားပြည့်ဝမှုသာ အရည်အချင်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်နှင့် စစ်မြေပြင်တာဝန်များ ထမ်းဆောင်ရာတွင် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာဖြင့်ထမ်းဆောင်နိုင်မည်

- ☆ ခေတ်သစ်စစ်ပွဲများတွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ တိုးတက်စေရေးအတွက် စစ်ဘက်နည်းပညာရပ်ဆိုင်ရာများ တိုးတက်ရေး၊ အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီမှုရှိစေရေး ဆောင်ရွက်ခဲ့
- ☆ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့
- ☆ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး ပြည်ပနိုင်ငံများသို့ တပ်မတော်သားအရာရှိများကို စေလွှတ်သင်ကြားစေခဲ့ပြီး လက်ရှိအချိန်တွင်လည်း တက်ရောက်လျက်ရှိ
- ☆ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများအား ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

## "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံမှစ၍ ကောင်းရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အမှာစကားပြောကြားရာတွင် စစ်တက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်အတွက်ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံအစကတည်းက ကောင်းရန်လိုကြောင်း၊ အဓိကအားဖြင့် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းပင်ဖြစ်သော်လည်း စစ်ဘက်ဆိုင်ရာတစ်ခုတည်းကိုသာ ကျွမ်းကျင်နေ၍မရကြောင်း၊ လိုအပ်သော အသိဉာဏ်၊ ဗဟုသုတနှင့် နှလုံးရည်ပြည့်ဝရန်အတွက် သက်ဆိုင်ရာစာပေပညာရပ်များကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

တပ်မတော်တွင် စစ်တက္ကသိုလ်တစ်ခုတည်းကိုသာမက အခြားတက္ကသိုလ်များနှင့် ဗိုလ်သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပြီး တပ်မတော်အရာရှိများကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းဆင်း၍ တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုများအတွက်လည်း ဘွဲ့တံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်မှုများ ရရှိခဲ့သည့် တပ်မတော်အရာရှိများ များစွာရှိကြောင်း။

စစ်တက္ကသိုလ်တွင် စစ်ပညာများကို တပ်စုမှူးအဆင့်အထိ သင်ကြားပေးလိုက်ပြီး တက္ကသိုလ်ပညာရပ်များကိုလည်း သင်ကြားပေးကြောင်း၊ စစ်ပညာများ လေ့ကျင့်ရေးနှင့် တက္ကသိုလ်ပညာလေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလိုက်ကြောင်း၊ လေ့ကျင့်သား ပြည့်ဝမှုသာ အရည်အချင်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်နှင့် စစ်မြေပြင်တာဝန်များ ထမ်းဆောင်ရာတွင် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စစ်မြေပြင်နှင့် လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးတွင် မှတ်ကျောက်တင်နိုင်သည့် အရာရှိများ မွေးထုတ်ပေးရန်လိုကြောင်း။

## စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ခဲ့

ခေတ်သစ်စစ်ပွဲများတွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ တိုးတက်စေရေးအတွက် စစ်ဘက်နည်းပညာရပ်ဆိုင်ရာများ တိုးတက်ရေး၊ အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီမှုရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ် ဖြစ်စေရေး ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး ပြည်ပနိုင်ငံများသို့ တပ်မတော်သားအရာရှိများကို စေလွှတ်သင်ကြားစေခဲ့ပြီး လက်ရှိအချိန်တွင်လည်း တက်ရောက်လျက်ရှိကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းများ သင်ကြားပို့ချရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်မီအောင် မွေးထုတ်ပေးရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းဖြစ်သဖြင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ စတင်ချိန်ကတည်းက စနစ်တကျဖြင့် လေ့ကျင့်ပေးရန် ၄ နှစ်တာကာလသည် စစ်ပညာနှင့် တက္ကသိုလ်ပညာရပ်များ သင်ကြားပေးရန်အတွက် လုံလောက်သည့် အချိန်ကာလတစ်ခုဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် သင်တန်းပြီးမြောက်ချိန်တွင် လူငယ်ခေါင်းဆောင်စိတ်ဖြင့် နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပထမနှစ်မှစတင်၍ အရာရှိကောင်းများဖြစ်အောင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်း၊ အသေးအဖွဲ့မှစ၍ ဂရုစိုက်ပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသာခိုသည့်စိတ်၊ အလွယ်တကူ လုပ်ဆောင်လိုသည့်စိတ်များ မရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

စာပေပညာနှင့်ပတ်သက်၍ ယခင်က သာမန်ဘွဲ့များကိုသာ ပေးအပ်ခဲ့သော်လည်း နောက်ပိုင်းတွင် Ph.D ဘွဲ့အထိ ပေးအပ်ခဲ့ကြောင်း၊ ပြည်ပ၌လည်း သွားရောက်သင်ကြားမှုများရှိကြောင်း၊ နှလုံးရည်ပြည့်ဝစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ တပ်မတော်လေ့ကျင့်ရေး ကျောင်းများမှ သင်ကြားမွေးထုတ်ပေးလိုက်သူများအနေဖြင့် တပ်မတော်ပိုင်းဆိုင်ရာများကိုသာမက နိုင်ငံတော်အတွက် လိုအပ်သည့် အခြားလုပ်ငန်း တာဝန်များကိုလည်း ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် နှလုံးရည်ဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

## စာပေဖတ်ရှုခြင်းဖြင့် နှလုံးရည်ပြည့်ဝသော ခေါင်းဆောင်များဖြစ်စေမည်

စာပေဖတ်ရှုခြင်းသည် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသဖြင့် စာပေကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ တက္ကသိုလ်ပညာရပ်သည် စာပေပညာရပ်ကိုသာမက အတွေးအခေါ်ပညာရပ်များကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအား သင်ကြားပေးရာတွင် တူညီသည့်အမြင်များရှိစေရေး၊ အခြေခံကျကျ တွေးခေါ်တတ်သည့် အလေ့အကျင့်ကောင်းများရှိစေရေး လေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများကို ဆောင်ရွက်ပေးရကြောင်း၊ ကိုယ်ခံစွမ်းအားများရှိစေရေး လိုအပ်သည့် ကယ်လိုရီများရရှိအောင် စနစ်တကျဖြင့် တွက်ချက်၍ စီမံဆောင်ရွက်ပေးထားသဖြင့် အပြည့်အဝစားသုံးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်သူများဖြစ်စေရေး အစားအသောက်နှင့်ပတ်သက်၍

*စာမျက်နှာ ၈ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညီညီစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်းရှိ မှန်တံတားကို ဖြတ်သန်းပြီး ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေး၍ အစာကျွေးကြကာ Sky Cable Car ဖြင့် လိုက်ပါစီးနင်းပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## လမ်းညွှန်မှာကြား

လှည့်လည်ကြည့်ရှု စစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း ပြည်သူများအပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ရန်၊ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများ သန့်ရှင်းကြည်လင်မှုရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အခြားဖြည့်စွက်ဆောင်ရွက်သင့်သည် များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှ ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြပြကွက်များကို ကြည့်ရှုအားပေးစဉ်။

ပွဲကောက် ရေတံခွန်တွင် လာရောက် လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင် ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house ၊ coffee shop ၊ တောတွင်း လျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများနှင့် အရှည် ၅၅၄ မီတာရှိ Sky Cable Way ကိုလည်း တည်ဆောက်ထားရှိကာ Sky Cable Car များကို စီးနင်း၍ သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

အပြည့်အဝကျွေးမွေးရန်လိုကြောင်း၊ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လိုကြောင်း၊ အရက်သေစာများကို အလွန်အကျွံသောက်စားခြင်းများသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ မူးယစ်သောက်စားမှုများကြောင့် မလိုလားအပ်သည့် ဖြစ်စဉ်များဖြစ်ပေါ်ပြီး လူမှုရေးကိစ္စရပ်များကိုပါ ထိခိုက်စေနိုင်သဖြင့် အသောက်အစားနှင့်ပတ်သက်၍ မိမိကိုယ်တိုင် အသိတရားဖြင့် ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ မိမိလက်အောက်ရှိသင်တန်းသားများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားနှင့်ပတ်သက်၍ အလေးထားထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ အာဟာရပြည့်ဝသည့် အစားအသောက်များကို စားသုံးရန်လိုကြောင်း၊ အသက်အရွယ်နှင့် သင့်တင့်လျောက်ပတ်သည့် ကိုယ်ဟန်အနေအထားရှိရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများကို လေ့ကျင့်ပေးရာတွင် စားသောက်နေထိုင်မှုမှ တစ်ဆင့် အခြေခံမှစ၍ စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ သို့မှသာ သင်တန်းသားများအနေဖြင့် သင့်တင့်လျောက်ပတ်သည့် ကြံ့ခိုင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှ စတင်၍ လေ့ကျင့်ပေးရန်လိုသကဲ့သို့ နည်းပြများကိုယ်တိုင်က စံပြဖြစ်နေရန်လိုကြောင်း။

## လေ့ကျင့်သားပြည့်ဝခြင်းဖြင့် နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့် စစ်ဘက်ခေါင်းဆောင်များဖြစ်စေမည်

လေ့ကျင့်ရေးပိုင်းတွင် သေချာစွာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျလေ့ကျင့်ပေးမှသာ စစ်မြေပြင်တွင် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် စဉ်းစားဉာဏ်ဖြင့် ခွန်အားစိုက်ထုတ်၍ စနစ်တကျ ဆောင်ရွက်တတ်သည့် အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိဖြင့် ဆောင်ရွက်နိုင်ရေး စစ်တက္ကသိုလ်မှ မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးရာတွင် သင်တန်းသားများအား အဆိုပါ စိတ်ဓာတ်များ အခြေခံမှစတင်၍ မွေးမြူပေးနိုင်ရေး လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝစွာဖြင့် လေ့ကျင့်ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်အတွက် အားထားရသည့် စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် အလေးထားလေ့ကျင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပသို့ ပို့ကုန်တင်ပို့ရာမှပို့ကုန်ရငွေများအား သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ဝင်ရောက်စေရေး ကြပ်မတ်ဆောင်ရွက် ပို့ကုန်များထုတ်လုပ်သော စက်မှုဇုန်များရှိ စက်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများတင်သွင်းနိုင်ရေး ဦးစားပေးဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ် (၁၈) ၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကာလသည် လယ်ယာထွက်ကုန် သီးနှံများဖြစ်သော ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ရော်ဘာထွက်ကုန်အစရှိသော အဓိကပို့ကုန်အမယ်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည့်ကာလဖြစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်တင်ပို့ရာမှ ပို့ကုန်ရငွေများအား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ဝင်ရောက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့မည့် ပို့ကုန်များထုတ်လုပ်သော စက်မှုဇုန်များရှိ စက်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများ တင်သွင်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပြည်ပသို့ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ငွေကြေးမူဝါဒများပြောင်းလဲချမှတ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းကဏ္ဍကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေး၊ ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ စက်သုံးဆီအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ စက်သုံးဆီအရောင်းဆိုင်များအပြင် အချို့တိုင်းဒေသကြီးပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ ပို့ဆောင်ရောင်းချပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များကြောင့် ပိုမိုဝယ်ယူစုဆောင်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်ကထက် ဝယ်လိုအားပိုမိုမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း စက်သုံးဆီများ တရားမဝင်ရောင်းချမှုမရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လိုအပ်ချက်များကို စိစစ်၍ စနစ်တကျဖြန့်ခွဲပေးလျက်ရှိပြီး ဈေးကွက်၊ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများနှင့်ပတ်သက်၍ ပို့ကုန်ရငွေများ အပြည့်အဝပြန်လည်ရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPAတို့အကြား ယခင်ကတည်းက လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ယခင်တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး တာဝန်ပြီးဆုံးသော်လည်း UNFPA ဌာနေကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ချိန်တွင် ဝန်ကြီးဌာန၏ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများတွင် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်၊ ထိုင်းနိုင်ငံအခြေစိုက် UNFPA အာရှ - ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့လာရောက်ရန် စီစဉ်နေမှုနှင့် ဝန်ကြီးဌာနနှင့် UNFPA တို့အကြား သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများတွင် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးငွေလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ယှဉ်ပြိုင်ကစားမှု ကြည့်ရှုအားပေး**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ဒီဇင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားမည်**

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကြက်တောင်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း လေးသင်းဖြင့် ဒီဇင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

## သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံသားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်ရေး**

ဦးစွာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ချိန်တွင် ဒေသခံရခိုင်တိုင်းရင်းသားများ အပါအဝင် နိုင်ငံသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး အစီအစဉ်များကို စတင်ပြင်ဆင်ထားရန်ဖြစ်ကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းတွင် နိုင်ငံသားကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အစိုးရအသိအမှတ်ပြုကုမ္ပဏီစု (Government Designated Entity Consortium) ဖွဲ့စည်းနိုင်ရေး နိုင်ငံပိုင်သတင်းစာများတွင် စိတ်ဝင်စားမှု အဆိုပြုလွှာ ကြေညာဖိတ်ခေါ်ခဲ့ပြီးဖြစ်၍ အဆိုပြုလွှာတင်သွင်းလာသည့် ကုမ္ပဏီများကို စိစစ်ရွေးချယ်သည့်လုပ်ငန်းစဉ်များ မကြာမီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားလူငယ်များအတွက်လည်း အခွင့်အလမ်းများ ပေါ်ပေါက်စေမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်ဆောင်ရွက်နိုင်ရေးအတွက်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလိုစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်များအနေဖြင့် ဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ဇုန်ပြင်ပရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရွှေပြည်သာစက်မှုဇုန်ရှိ လူမှုဖူလုံရေး - ဘေးမခ အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ လူမှုဖူလုံရေး - ဘေးမခ အထွေထွေရောဂါကု ဆေးခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အကျုံးဝင်အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ ဘေးမခဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ယာပုံ)** ဆေးခန်းကို လှည့်လည်ကြည့်ရှုကြသည်။



ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင် အာမခံအလုပ်သမား ၉၀၄၀၀၀ ကျော်ရှိပြီး အဆိုပါ အာမခံ အလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမား ဆေးရုံကြီးနှစ်ရုံ၊ မြို့နယ် လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ ဌာနကြီး ဆေးခန်း ၁၈ ခန်း၊ စာချုပ်ဆေးခန်း ၃၅ ခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်းတို့ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ အာမခံအလုပ်သမား လူနာ ၆၃၃၃၆၇ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး လူနာဦးရေ ၁၀၃၀၇၃ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၇၈၅၅ ဒသမ ၇၇၈ သန်း ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)သို့ သွားရောက်၍ ဂဟေဆက်သင်တန်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်းများ စာတွေ့၊ လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းကျောင်းတွင် ကျင်းပသည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ကျွမ်းကျင်လုပ်သား ၂၄၄၂၃ ဦးကို မွေးထုတ်ပေးနိုင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် NSSA မှ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၅၆ ခုမှ အလုပ်အကိုင်အမျိုးအစား ၄၀ အတွက် ကျွမ်းကျင်လုပ်သား ၂၄၄၂၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ NSSA အနေဖြင့် ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားများကို ကျွမ်းကျင်မှုအလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနေရုံသာမက အာဆီယံဒေသတွင်းရှိ နိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံအချင်းချင်းကျွမ်းကျင်မှုများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေး (Mutual Recognition of Skills–MRS) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

**အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ UMFCC အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၄၈၄)ကို လည်းကောင်း၊ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့၌ တရားမဝင် သစ်မာ ၂၀ ဒသမ ၇၄ တန်နှင့် အခြားသစ် ၁၈ ဒသမ ၇၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၀၄၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၈၅၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာ တာချီလိတ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၃၂ လုံး အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၁၀ ရက်တွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ လိုင်စင်မဲ့ Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာသွား ကားလမ်းဘေးအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဓာတ်ဆီ ၁၀၂ ဂါလန်နှင့် ဒီဇယ်ဆီ ဂါလန် ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၉ ရက် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၆၆၅၂၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများအား ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ Plenary Hall ၌ အခမ်းအနားပြင်ဆင်နေမှု၊ ပြခန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ LED ဘုတ်များ တပ်ဆင်မှု၊ လျှပ်စစ်မီးနှင့် အသံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**သွားရောက်ဂါရဝပြု**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဆင်ဖြူရှင်ဧည့်ရိပ်သာ၌ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများအား သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေဆုရ ပညာရှင်များ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က စာပေပညာရှင်များနှင့်ဆုရွေးချယ်ရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ယာပုံ)**

**စစ်ဆေးနိုင်ရန် စီစဉ်ထား**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆုပေးပွဲကျင်းပမည့် အခမ်းအနားကို နိုင်ငံတော်အဆင့်အဖြစ် ပြင်ဆင်ထားပါကြောင်း၊ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သည့် အစီအစဉ်ကောင်းများ ထည့်သွင်းကျင်းပရန် စီစဉ်ထားပါကြောင်း၊ စာပေလေ့လာနိုင်ရန်အတွက် သုတ၊ ရသ စာပေပြခန်းများလည်း ပြင်ဆင်ထားရှိပါကြောင်း၊ တစ်သက်တာဆုရှင်များအနေဖြင့် တပ်မတော်ဆေးရုံတွင် အခမဲ့ ဆေးကုသနိုင်ပါကြောင်း၊ ဧည့်ရိပ်သာတွင်လည်း နေထိုင်စားသောက်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များအပြင် ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးပေးခန်းလည်း စီစဉ်ထားရှိပါကြောင်း၊ စာပေပညာရှင်ကြီးများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ချင်သူများအနေဖြင့်လည်း စစ်ဆေးနိုင်ရန် စီစဉ်ထားပါကြောင်း ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အမျိုးသား စာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများက ဆုရရှိသည့် စာအုပ်များနှင့် အခြားစာအုပ်များကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

**သတင်းစဉ်**

## တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**ခန့်အပ်လွှာများပေးအပ်**

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများပေးအပ်သည်။

**အခမ်းအနားကိုရုပ်သိမ်း**

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**



တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အေးမင်းဦး၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သောင်းနိုင်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၂၅) မှ အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၈ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းအမှတ်စဉ် (၁၃) မှ မဟာအင်ဂျင်နီယာဘွဲ့ ရရှိသူ သင်တန်းသားအရာရှိ ၃၆ ဦး၊ အင်ဂျင်နီယာပညာ သင်ကြားရေး ဒီပလိုမာသင်တန်း အမှတ်စဉ် (၈) မှ အင်ဂျင်နီယာပညာသင်ကြားရေး ဒီပလိုမာရရှိသူ သင်တန်းသားအရာရှိ ၁၄ ဦးနှင့် အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၆) မှ အင်ဂျင်နီယာ ဘွဲ့လွန်ဒီပလိုမာရရှိသူ သင်တန်းသားအရာရှိ ၆၉ ဦး စုစုပေါင်း ၂၃၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေး အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

တပ်မတော် နည်းပညာတက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရ အရာရှိ ၇၆၄၀၊ အင်ဂျင်နီယာ မဟာဒဿနဘွဲ့ရ ငါးဦး၊ အင်ဂျင်နီယာ ပညာသင်ကြားရေးဒီပလိုမာဘွဲ့ရ ၁၂၀၊ အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာဘွဲ့ရ ၄၄၃ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ရ ၆၁၀ နှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရ ၁၃၆ ဦး ကိုမွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင် အင်ဂျင်နီယာပါရဂူဘွဲ့ရ နှစ်ဦးကိုလည်း ဘွဲ့များ အပ်နှင်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် MNDAA၊ TNLA ၊ AA အဖွဲ့တို့မှ တာဝန်ရှိသူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်

## ၁၁-၁၂-၂၀၂၃ ရက်နေ့ ရခိုင်ပြည်နယ် ဗောဓိကုန်းရဲကင်းစခန်း၊ ကရင်ပြည်နယ် ကော့ကရိတ်၊ ကျိုက်ဒုံတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် လားရှိုးမြို့သို့သွားရောက်ပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုများ၊ နေရပ်ဒေသတွင် ပြန်လည်အခြေချနိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီက တာဝန်ရှိတဲ့သူတွေနဲ့ MNDAA ,TNLA , AA အဖွဲ့က တာဝန်ရှိတဲ့သူတွေဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အကူအညီနဲ့ နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုပေါ်မှာ မူတည်ပြီး၊ တိုးတက်မှုအခြေအနေအပေါ်မှာ မူတည်ပြီး ဒီလကုန်ခန့်မှာလည်း ထပ်မံဆွေးနွေးသွားဖို့ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရခိုင်ပြည်နယ်ဘက်မှာတော့ ဗောဓိကုန်းရဲကင်းစခန်းကို အဝေးကနေလာရောက်ပစ်ခတ်တာရှိခဲ့ပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်၊ ကျိုက်ဒုံလမ်းဆုံမှာ ထိတွေ့မှုအနည်းငယ်ဖြစ်ပွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ ပြန်လည်တည်ငြိမ်စေရေးတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက မနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ် လားရှိုးမှာသွားရောက်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများနဲ့ တွေ့ဆုံခဲ့ပါတယ်။ စစ်သည်/ရဲမေများနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယာယီနေရပ်စွန့်ခွာပြည်သူများနဲ့ ပတ်သက်ပြီး ကူညီပံ့ပိုးမှုများ၊ ပြန်လည်ပြီး နေရပ်ဒေသမှာ အမြန်ဆုံးအခြေချနိုင်ဖို့လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အထူးအလေးထားပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း၊ ဝန်ကြီးများအနေနဲ့လည်း မနေ့ကခရီးစဉ်မှာ သက်ဆိုင်ရာဌာနတွေကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ လိုအပ်ချက်တွေကို အမြန်ပြန်လည်ဖြည့်ဆည်းပြီး ပြည်သူတွေရဲ့လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်လာစေရေး၊ တည်ငြိမ်လာစေရေး အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



## ငွေဆောင်ကမ်းခြေဒေသမှ ရေအောက်သယံဇာတများကို စနစ်တကျထိန်းသိမ်းပါက ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်

ပုသိမ် ဒီဇင်ဘာ ၁၁

ငွေဆောင်ကမ်းခြေဒေသရှိ လှပသော ရေအောက်သယံဇာတများကို စနစ်တကျထိန်းသိမ်းပါက ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက် လာနိုင်ကြောင်း သဘာဝ ပတ်ဝန်းကျင်အရေး ဆော်ဩပေးနေသူ ငွေဆောင်အခြေစိုက် ခရီးသွားအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။



**ခရီးသွားများ အထူးစိတ်ဝင်စား**

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်ခရိုင်ရှိ ငွေဆောင်ကမ်းခြေသည် သန့်ရှင်းခြင်းနှင့် ပင်လယ်ရေ ကြည်လင်ခြင်းတို့ကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းအပါအဝင် ကမ်းခြေတွင် အနားယူရန် နေရာကောင်းဖြစ်၍ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားစရာ နေရာတစ်ခုလည်း ဖြစ်သည်။

ယင်းသို့ ခရီးသွားဧည့်သည်များ စိတ်ဝင်စားရာနေရာတစ်ခုအဖြစ် လာရောက်လည်ပတ်ကြသည့် ငွေဆောင်ကမ်းခြေရှိ ရေအောက် သယံဇာတများကို စနစ်တကျ ထိန်းသိမ်းပါက ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက်မှု များပြားစေနိုင်ကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

**သန္တာကျောက်တန်းတွေကို ထိန်းသိမ်းမှုလိုအပ်**

"ခရီးသွားကတော့ များသောအားဖြင့် ပင်လယ်ခရီးသွားတာကို ပိုမို စိတ်ဝင်တစားရှိကြတယ်။ လိုအပ်တာတွေတော့ အများကြီးပေါ့။ လုပ်နိုင်မယ်ဆိုရင် ပြင်ဆင်မှုပိုင်းတွေ၊ လည်ပတ်ဖို့နေရာတွေ ပြီးတော့ ရေအောက်သယံဇာတဖြစ်တဲ့ သန္တာကျောက်တန်းလိုဟာတွေကို ထိန်းသိမ်းမှုလိုတယ်။ စနစ်တကျ ပိုပြီးထိန်းသိမ်းနိုင်ရင် ခရီးသွားတွေ လည်ပတ်ချင်စိတ် ပိုရှိတာပေါ့။ ပျက်စီးလာရင် နောက်ပိုင်းကျတော့ ရေအောက်မှာ ဘာမှမရှိတော့ရင် တစ်ခါပဲသွားချင်ကြမယ်။ နောက် ဘယ်သွားချင်ကြမလဲ" ဟု ၎င်းက ပြောသည်။

ယခု ဒီဇင်ဘာလ ခရီးသွားကာလတွင် ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိမည်ဟု မျှော်လင့်ထားကြောင်းလည်း ၎င်းကပြောသည်။

"ငွေဆောင်ကမ်းခြေ ကတော့ ပုံမှန်လည်း ခရီးသွားတွေ သွားလာနေကြတာပဲ။ ခရီးလမ်းတွေလည်း ပွင့်နေတော့ အသွားအလာကတော့ ရှိနေကြတာပဲ။ သဘာဝ ပတ်ဝန်းကျင်ကတော့ ရာသီဥတုက ဆိုးရွားလာတော့ အမြဲတမ်း သူ့အလိုလိုတောင် ပျက်စီးချင်နေတာ။ အဲဒါကို မထိန်းသိမ်းနိုင်ရင် ပိုဆိုးမှာပေါ့" ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်အတွင်း ငွေဆောင်ကမ်းခြေသို့ ပြည်ပခရီးသွားလာရောက်လည်ပတ်မှု အများဆုံးမှာ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေဒေသတွင် ငွေဆောင်ကမ်းခြေမှတစ်ဆင့် လိပ်ကျွန်း၊ မြွေကျွန်း၊ ချစ်သူများကျွန်း၊ ငှက်ကျွန်း၊ ကျွန်းလျားရှည်၊ ဆင်မကျွန်း၊ ဘုရားသုံးဆူနှင့် မိုးမခ ဆင်စခန်းများသို့ သွားရောက် လည်ပတ်နိုင်ကြောင်း သိရသည်။

သစ်တော်

## နတ်မောက်မြို့၌ အခြေခံပညာ မူလတန်းကျောင်းအတွက် မြေနေရာလှူဒါန်း

နတ်မောက် ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ကန်ကြီးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း မြေနေရာလှူဒါန်းပေးအပ်ပွဲကို အဆိုပါကျောင်း ဖွင့်လှစ်သည့် ရန်အောင်မြင်ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပသည်။

အဆိုပါကျောင်းမြေနေရာ လှူဒါန်းပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က အမှာစကားပြောကြားပြီး ကျောင်းမြေနေရာအလှူရှင် ဒေါ်အေးအေးက အနာဂတ်အတွက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ယူခွင့်ရပြီး လူရည်ချွန်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းမြေအလှူရှင်က မြေပိုင်ဆိုင်မှု အထောက်အထားများကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးထံ လွှဲပြောင်းလှူဒါန်းပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ နတ်မောက်မြို့ ကန်ကြီးရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ လှူဒါန်းသောမြေနေရာသည် အလျား ၁၃၂ ပေ၊ အနံ ၈၈ ပေ အကျယ်အဝန်းရှိကြောင်း သိရသည်။

လှဝင်း

## ကာလိမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြော

ကာလိ ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အ.မ.က(မိုင်းယိုင်း) မှ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ထင်ထင်ကျော်က ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတကြွယ်ဝစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ သုတရသစာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြား၍ အလိမ္မာစာမှာရှိ၊ လူငယ်နှင့် စာပေတန်ဖိုးခေါင်းစဉ်များဖြင့် ဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ်ထုတ်ဝေ













ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပို့စကတ် ၄ မျိုးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါပို့စကတ် ၄ မျိုးအား **"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂေါ်ရန်ဂျီကျွန်းအလှ၊ မြန်မာ့ယဉ်ကျေးမှုအကအလှ၊ ပြည်ထောင်စုတိုင်းရင်းသားများအက"** ခေါင်းစဉ်များဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၂၀၀ ကျပ် နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမျိုးသားနေ့ အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တူယှဉ်ဆင်နွှဲ ခရစ္စမတ်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### ဂါဇာကမ်းမြောင်ဒေသ၏ ကျန်းမာရေးစနစ် ပြိုလဲနေပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲပြော

**ဂျီနီဗာ ဒီဇင်ဘာ ၁၁**

ဂါဇာကမ်းမြောင်ဒေသ၏ကျန်းမာရေးစနစ် ပြိုလဲနေပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက မှတ်ချက်ပြု ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၁၀ ရက်က ကျင်းပသည့် အမှုဆောင်ဘုတ်အဖွဲ့၏ အထူးအစည်းအဝေးတွင် ဂါဇာကမ်းမြောင်ဒေသ၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့ အက်ဒဟာနွန် ဂီဘရီရက်ဆုစ် က ဤသို့မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ကျဉ်းမြောင်းသေးငယ်သော ဧရိယာအတွင်း လူပေါင်းများစွာပြောင်းရွှေ့လာသည် နှင့်အမျှ ရောဂါပြန့်ပွားနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးနေသကဲ့သို့ဖြစ်နေပြီး ပျမ်းမျှအားဖြင့် လူ ၇၀၀ အတွက် ရေချိုးခန်းတစ်ခန်းနှင့် လူ ၁၅၀ တိုင်းအတွက် အိမ်သာတစ်လုံးသာ ရှိသည်ဟု တက်ဒရော့ က ပြောသည်။




ဂါဇာဒေသ၌ မူလရှိနေသည့် ဆေးရုံ ၃၆ ရုံအနက်မှ ဆေးရုံ ၁၄ ရုံသာ တစ်စိတ်တစ်ပိုင်း လည်ပတ်နိုင်တော့သည်ဟု ၎င်းက ထပ်လောင်းပြောဆိုသည်။

အပစ်အခတ် ရပ်စဲရေးသည် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးကို အမှန်တကယ် ကာကွယ်ရန်နှင့် မြှင့်တင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သော်လည်း ပြီးခဲ့သည့်အပတ်အတွင်း အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက မချမှတ်နိုင်ခဲ့သည့်အတွက် အထူးစိတ်မကောင်းဖြစ်ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန် အက်ဖ် - ၁၆ ဂျက်တိုက်လေယာဉ်တစ်စင်း ပင်လယ်ဝါတွင် ပျက်ကျ

**ဆိုးလ် ဒီဇင်ဘာ ၁၁**

အမေရိကန် အက်ဖ် – ၁၆ ဂျက်တိုက်လေယာဉ် တစ်စင်းသည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပင်လယ်ဝါ (Yellow Sea) တွင် ပျက်ကျသွားခဲ့ကြောင်း၊ ခုန်ထွက်လွတ်မြောက်လာသော လေယာဉ်မှူးကို ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

ကိုရီးယား ကျွန်းဆွယ်အနောက်ဘက်ရေပြင်၌ လေ့ကျင့်ပျံသန်းမှု ပြုလုပ်စဉ်အတွင်း ပျက်ကျသွားခြင်း ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါလေတပ် အခြေစိုက်စခန်းကို အမေရိကန်နှင့် တောင်ကိုရီးယား စစ်တပ်တို့ ပူးတွဲ အသုံးပြုလျက်ရှိကြောင်း သိရသည်။ တိုက်လေယာဉ်ပျက်ကျသည့် ဖြစ်ရပ်ကြောင့် ထိုဒေသတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ငါးဖမ်းသမားများ သို့မဟုတ် ငါးဖမ်းလှေများမှာ ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း ကိုရီးယားအများပြည်သူပိုင် ရုပ်သံလိုင်း KBS က ပြောသည်။



မတော်တဆဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရှိရသေးကြောင်းနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည် ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အာဂျင်တီးနားသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

ယိုယွင်းနေသောစီးပွားရေးကို ပြန်လည်တည်ဆောက်ရန် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည့် အာဂျင်တီးနားနိုင်ငံ၏ သမ္မတသစ်အဖြစ် လက်ယာယိမ်းဘောဂဗေဒပညာရှင် ဟာဗီရာမယ်လေ က ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီဖြစ်သည်။ သမ္မတသစ် မယ်လေ က ယခင်အစိုးရလက်ထက်ကကျန်ရစ်ခဲ့သော ဆိုးမွေတစ်ခုဖြစ်သည့် ၁၅၀၀၀ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း သတိပေးထားသော ငွေကြေးဖောင်းပွမှုကို အမြစ်ပြတ်ချေမှုန်းရန် တွန်းအားပေးတိုက်ခိုက်သွားမည်ဟု ၎င်းကို ထောက်ခံအားပေးသူများရှေ့မှောက်တွင် ကတိပြုပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

### တရားမျှတမှုက မိမိတို့ဘက်မှာဟု နေတန်ယာဟု ပြော

'တရားမျှတမှုက မိမိတို့ဘက်မှာ' ဟု ဆိုကာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ဂါဇာကမ်းမြောင်စစ်ဆင်ရေး၏တရားဝင်မှုကို အလေးပေးပြောသည်။ ဒီဇင်ဘာ ၁ ရက်နောက်ပိုင်း ဂါဇာကမ်းမြောင်ရှိ ပစ်မှတ် ၃၅၀၀ ကျော်ကို တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ တစ်ဖက်တွင် စစ်ပွဲကိုအဆုံးသတ်ရန် အစ္စရေးကို ဖိအားပေးပြီး အခြားတစ်ဖက်တွင် ဟားမားစ်များကို သုတ်သင်ရှင်းလင်းရေးကို ပံ့ပိုးပေးရန်မဖြစ်နိုင်ကြောင်း ဂျာမန်အဓိပတိ အိုလာဖ်ရှိုးလ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်တို့ကို ဖုန်းဖြင့် ပြောကြားခဲ့ကြောင်း နေတန်ယာဟု က ပြောသည်။

**အင်န်အိတ်ချ်ကေ**

### ဂါဇာကမ်းမြောင်ဒေသဆိုင်ရာ ကုလညီလာခံကျင်းပမည်

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဂါဇာဒေသဆိုင်ရာ အရေးပေါ်အထူးအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်ဟု ညီလာခံဥက္ကဋ္ဌ၏ ပြောရေးဆိုခွင့်ရှိသူ မိုနီကာ ဂရေးလေး က ပြောကြားသည်။ အီဂျစ်နှင့် မော်ရီတေးနီးယားနိုင်ငံတို့က ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၇၇ အရ "ငြိမ်းချမ်းရေးအတွက် စည်းလုံးညီညွတ်ရေး" ကို ထောက်ချင့်၍ အစည်းအဝေးခေါ်ယူပေးရန် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ထံ ပေးစာတွင် တရားဝင်တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

**တောင်ကြီး ဒီဇင်ဘာ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်ဆိုင်ရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့်




ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားရေးရာများကို ဆောင်ရွက်ခြင်းနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာစေရေး အတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းတာဝန်များကို နိုင်ငံတော်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်ပါ **တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး** ဆိုသည့် ဦးတည်ချက်ကို အထောက်အကူပြုစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားမှုကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ စနစ်တကျမှတ်ပုံတင်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားစေမည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်စွာ တင်ပြဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် တိုင်းရင်းသားဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က ကချင်၊ ရှမ်း၊ ပအိုဝ်း၊ ခနော၊ တောင်ရိုး၊ ကိုးကန့်၊ လီဆူ၊ ထနော့နှင့် အင်းသား တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များအား တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီထောက်ပံ့ပေးအပ်ခဲ့ကြောင်း **(အပေါ်ဝဲပုံ)** သိရသည်။

**သတင်းစဉ်**

# ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်မှ အားထားရသည့် လူငယ်များဖြစ်လာစေရန်၊ ပညာရေးကို အခြေခံပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာစေရန်နှင့် အတွေးအခေါ်မှန်ကန်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီမှ ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်နှင့် လူငယ်ရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**နိုင်ငံ့သားကောင်းများဖြစ်စေရေး**

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လူငယ်များကို အတွေးအခေါ်မှန်ကန်ပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာဦးစီးဌာနကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရေးအတွက် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများ ဖြစ်လာစေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်လာရန်လိုကြောင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထား၍ ကျရာအခန်းကဏ္ဍမှ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာမူဝါဒတွင် ပါဝင်သည့် အဓိကကဏ္ဍ ၁၆ ရပ်ကို အကောင်အထည်ဖော် ဆောင်ရာတွင် ဦးဆောင် ဝန်ကြီးဌာနအနေဖြင့် ဆက်စပ် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်သူလူထုနှင့်လက်တွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ဉာဏ်စမ်းမေးခွန်းများမေးမြန်း**

ဆက်လက်၍ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က “လူငယ်နှင့် ပညာရေး” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပို့ချပြီး ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းအားကစားသမား လူငယ်များက ဂျူဒို၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းများနှင့် Fitness Dance တို့ဖြင့် သရုပ်ပြ ကပြဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးထံ အားကစားပစ္စည်းများကို လည်းကောင်း၊ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)ထံ ဂုဏ်ပြုလက်ဆောင် ပစ္စည်းကိုလည်းကောင်း၊ သရုပ်ပြအားကစားအဖွဲ့များထံ ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ်မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံ(ဌာနမှူး)၊ သင်တန်းရေးရာ(ဌာနမှူး)၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က မြိတ်တက္ကသိုလ်အနေဖြင့် ယခုဖွင့်လှစ်သည့်ပညာသင်နှစ်တွင် ပညာရေးဆိုင်ရာပြက္ခဒိန်နှင့် အားကစားပြက္ခဒိန်ရေးဆွဲ၍ ပညာရေးဝန်ကြီးဌာနညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားတစ်ခုအဖြစ် ပါဝင်နိုင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် အားကစားပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ပြိုင်ပွဲကိုဖွင့်လှစ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် ဓာတုဗေဒဌာနအသင်းနှင့် သမိုင်းဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဆုရရှိသည့် အသင်းများအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**



# ကန့်ဘလူခရိုင်အတွင်းရှိ စပါး၊ ဆန်ဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၅၅၀၀၀၀၊ ရောမင်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀ နှင့် နွေစပါး (ရွှေဝါထွန်း) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၁၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၅၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဒေသခံ ဆန်စက် လုပ်ငန်းရှင်ထံမှ သိရသည်။ **DOCA (စစ်ကိုင်း)**



## မြဝတီကုန်သွယ်ရေးဇုန်မှ ဂေါ်ဖီ၊ ငရုတ်နှင့် ငါးမျိုးစုံတင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ၂-၁၂-၂၀၂၃ မှ ၈-၁၂-၂၀၂၃ ရက်အထိ အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဂေါ်ဖီထုပ် တစ်တန်လျှင် ၂၁၀ ဒသမ ၂၆၉ ဒေါ်လာဖြင့် ၈၁၈ ဒသမ ၀၀၀ တန်၊ ၀ ဒသမ ၁၇၂ ဒေါ်လာသန်း၊ ချုပ်ပြီးအထည် ၂၀၉၁ ခု၊ ၀ ဒသမ ၀၆၅ ဒေါ်လာသန်း၊ ငရုတ်သီး (စိမ်း) (အစို) တစ်တန်လျှင် ၃၇၈ ဒသမ ၂၈၉ ဒေါ်လာဖြင့် ၇၁ ဒသမ ၃၇၄ တန်၊ ၀ ဒသမ ၀၂၇ ဒေါ်လာသန်း၊ ငရုတ် (ခြောက်) တစ်တန်လျှင် ၁၅၁၅ ဒသမ ၁၅၂ ဒေါ်လာဖြင့် ၁၅ ဒသမ ၈၄၀ တန်၊ ၀ ဒသမ ၀၂၄ ဒေါ်လာသန်း၊ ကြက်သွန်နီ တစ်တန်လျှင် ၇၅၀ ဒေါ်လာဖြင့် ၁၆ ဒသမ ၀၀၀ တန်၊ ၀ ဒသမ ၀၁၂ ဒေါ်လာသန်း၊ ငါးမျိုးစုံ တစ်တန်လျှင် ၁၀၄၁ ဒသမ ၆၆၇ ဒေါ်လာဖြင့် ၂ ဒသမ ၈၈ တန်၊ ၀ ဒသမ ၀၀၃ ဒေါ်လာသန်းနှင့် ကဏန်း တစ်တန်လျှင် ၀ ဒသမ ၀၁၂၂၂ ဒေါ်လာဖြင့် ၀ ဒသမ ၁၂၀ တန်၊ ၀ ဒသမ ၀၀၀၀၁ ဒေါ်လာသန်းတို့ ဖြစ်သည်။

၂-၁၂-၂၀၂၃ မှ ၈-၁၂-၂၀၂၃ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ချည်ထည်များ ၀ ဒသမ ၈၆၉ ဒေါ်လာသန်း၊ လုပ်ငန်းသုံးသီးနှံဆီများ ၀ ဒသမ ၁၅၃ ဒေါ်လာသန်း၊ စက်နှင့် စက်ပစ္စည်းများ ၀ ဒသမ ၁၃၉ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ ၀ ဒသမ ၁၂၅ ဒေါ်လာသန်း၊ အခြားစက္ကူများ ၀ ဒသမ ၀၈၇ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ၀ ဒသမ ၀၈၄ ဒေါ်လာသန်း၊ ရေနံထွက်ပစ္စည်းများ ၀ ဒသမ ၀၇၂ ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ၀ ဒသမ ၀၄၉ ဒေါ်လာသန်း၊ ရုပ်မြင်သံကြားစက်များ ၀ ဒသမ ၀၄၈ ဒေါ်လာသန်းနှင့် သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ ၀ ဒသမ ၀၄၀ ဒေါ်လာသန်းတို့ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၆ ဒသမ ၆၂ ကျပ်ဖြစ်ကြောင်း သိရသည်။ **(DOT မြဝတီ)**

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၅ ဒသမ ၁၆၉ ဒေါ်လာသန်းနှင့် သွင်းကုန် ၁ ဒသမ ၂၀၂ ဒေါ်လာသန်း၊ စုစုပေါင်း ၆ ဒသမ ၃၇၁ ဒေါ်လာသန်း ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူး ငှက်ပျော ဈေးနှုန်းတစ်တန်လျှင် ၂၅၃၀ ယွမ်/ ၃၄၅ ဒေါ်လာ တို့ဖြင့် တန်ချိန် ၁၃၀၅၀၊ တန်ဖိုး ၄ ဒသမ ၅၀၁ ဒေါ်လာသန်း၊ ရော်ဘာစိမ်းတင်ပို့မှုအနေဖြင့် တန်ချိန် ၁၉၃ တန်၊ တန်ဖိုး ၀ ဒသမ ၂၆၁ ဒေါ်လာသန်း၊ ဖရဲသီး တန်ချိန် ၄၄၅ တန်၊ တန်ဖိုး ၀ ဒသမ ၀၆၃ ဒေါ်လာသန်း၊ ရှောက်ကောပါကော တင်ပို့မှုအနေဖြင့် တန်ချိန် ၂၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၂ ဒေါ်လာသန်းနှင့် ဆန်တန်ချိန် ၅၇၂ တန်၊ တန်ဖိုး ၀ ဒသမ ၃၂၂ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ပစ္စည်း တန်ချိန် ၃၉ တန်၊ တန်ဖိုး ၀ ဒသမ ၁၃၁ ဒေါ်လာသန်း၊ လုပ်ငန်းသုံးပစ္စည်းတန်ချိန် ၃၁၁ တန်၊ တန်ဖိုး ၀ ဒသမ ၈၇၂ ဒေါ်လာသန်း နှင့် လူသုံးကုန်ပစ္စည်း တန်ချိန် ၂၇၁ တန်၊ တန်ဖိုး ၀ ဒသမ ၂၀၀ ဒေါ်လာသန်းတို့ တင်သွင်းနိုင်ခဲ့သည်။ **(DOT ကံပိုင်တည်)**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၆-၁၂-၂၀၂၃ မှ ၁၀-၁၂-၂၀၂၃ ရက်အတွင်း ဆန် ၁၂၉ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၇၃ ဒေါ်လာသန်း၊ ပြောင်း ၄၈၁ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၁၂၄ ဒေါ်လာသန်း၊ ရော်ဘာ ၄၉၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၆၈၈ ဒေါ်လာသန်း၊ တစ်သျှူးငှက်ပျော ၄၁၆ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၁၅၁ ဒေါ်လာသန်း၊ ဖရဲသီး ၅၉၀ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၈၅ ဒေါ်လာသန်း၊ သခွားမွှေး ၂၆၂ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၅၅ ဒေါ်လာသန်း၊ ကြံ ၁၆၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၇ ဒေါ်လာသန်းနှင့် ရှောက်ကောသီး ၁၀ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၉ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် ဆေးဝါးပစ္စည်း ၅၀၀၂၄၀ ခု၊ တန်ဖိုး ၀ ဒသမ ၀၆၄ ဒေါ်လာသန်း၊ စက္ကူလိပ် ၄၆ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၀ ဒေါ်လာသန်း၊ ကော်စေ့ ၉ ဒသမ ၃၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၇ ဒေါ်လာသန်း၊ ထွန်စက်သုံးစီး၊ တန်ဖိုး ၀ ဒသမ ၀၁၃ ဒေါ်လာသန်း၊ အိတ် ၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၅ ဒေါ်လာသန်း၊ ချည် ၁၂၆ ဒသမ ၉၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၇၇ ဒေါ်လာသန်း၊ တစ်ရှူးလိပ် ၁၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၃၀ ဒေါ်လာသန်း၊ မြက်ခင်းတု ၇ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၅ ဒေါ်လာသန်း၊ ပတ္တာကြိုး ၁၄ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၇ ဒေါ်လာသန်း၊ ကြက်အူချောင်း ၁၄ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၂ ဒေါ်လာသန်း၊ စောင် ၂၃ ဒသမ ၄၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၂ ဒေါ်လာသန်း၊ သံခွေ ၁၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်း၊ သံချောင်း ၁၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်း၊ ဂျပ်စက္ကူ ၇၇ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၃၀ ဒေါ်လာသန်း၊ ဖော့ ၃၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၉ ဒေါ်လာသန်းနှင့် ကုန်စုံ ၂၂၇ ဒသမ ၂၀ တန်၊ ၂၇၇၁၃ ခု၊ တန်ဖိုး ၀ ဒသမ ၂၀၅ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁၀-၁၂-၂၀၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၆၅ ကျပ်ဖြစ်ကြောင်း သိရသည်။ **(DOT လွယ်ဂျယ်)**

### ၁၁.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၉၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၅၇၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၁၁၅ | ၁၆၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၄၃၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၃၀၀ | ၁၆၀၀၀ | ၅၂၅၀ | ၁၁၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၁၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၈၀၀ | ၁၂၅၀၀ | ၅၄၇၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၄၇၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၁၅၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ပဲထမင်းဘူးများ ပေးအပ်လှူဒါန်း


**နေပြည်တော် ဒီဇင်ဘာ ၁၁**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများလှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်နေတဲ့ တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**













❍ *ကျောဖုံးမှ*

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Meida မှ ဘာသာရေးဆိုင်ရာ စေတီပုထိုးများနှင့်ပတ်သက်၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ပြုလုပ်ခြင်းဖြစ်ပြီး သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ကာ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၂၈၄ ဦး၊ အမျိုးသမီး ၅၄ ဦး စုစုပေါင်း ၃၃၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၃၉၅ ဦး၊ အမျိုးသမီး ၁၂၈၂ ဦး စုစုပေါင်း ၁၁၆၈၇ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

❋ *ကျောဖုံးမှ*

ရွှေတံဆိပ်တစ်ခု၊ (-73)kg ပြိုင်ပွဲတွင် မောင်ကျော်ခန့်စိုးက ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသမီး (-32)kg ပြိုင်ပွဲတွင် မနှင်းဦးဝတ်ရည်က ရွှေတံဆိပ်တစ်ခု၊ အမျိုးသား (-24) kg ပြိုင်ပွဲတွင် မောင်ဘုန်းပြည့်ချမ်းသာထွန်းက ငွေတံဆိပ်တစ်ခု၊ (-90)kg ပြိုင်ပွဲတွင် မောင်အောင်ဝေဖြိုးက ငွေတံဆိပ်တစ်ခု၊ အမျိုးသား (-50)kg ပြိုင်ပွဲတွင် မောင်ခိုင်ခန့်က ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီး(-57)kg ပြိုင်ပွဲတွင် မငွေပုံချစ်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာဂျူဒိုအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ်နေ ဝင်းကို (ခ) အရှည်ကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီး ဖျာပုံမြို့နယ်နေ ဒေါ်နီနီဝင်း (ခ) မဗိုက် တို့က ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ်နေ မောင် ----၊ ၁၆/၂၀၂၁ နှစ်အား ငါးဖမ်းစက်လှေတွင် ရေလုပ်သားအဖြစ်လုပ်ကိုင်ပါက လစာကောင်းကြောင်း၊ အလုပ်ရှာပေးမည်ဟု စည်းရုံးပြောဆို၍ ဖျာပုံမြို့ရှိ ကြည်ပြာလှိုင်း စက်လှေသို့ ပို့ဆောင်ကာ လုပ်အားခငွေကျပ် ၁၀ သိန်းအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့မရဲစခန်း (ပ) ၉၇/၂၀၂၁၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ခဲ့ပြီး အင်းစိန်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၈ ရက်က တရားခံ ဝင်းကို (ခ) အရှည်ကြီးနှင့် ဒေါ်နီနီဝင်း (ခ) မဗိုက်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❖ *ကျောဖုံးမှ*

နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် ဂျီရိုနာအသင်းသည် ယခုနှစ်ရာသီ စပိန်လာလီဂါတွင် ၁၆ ပွဲကစားပြီး ရဂိုး ၃၈ ဂိုးအထိရှိသည့်အတွက် နာမည်ကြီး ရီးရဲမက်ဒရစ်၊ အက်သလက်တီကိုမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ကို ကျော်ဖြတ်ကာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

### ရမှတ်ကွာဟမှုခုနစ်မှတ်အထိရှိ

ဂျီရိုနာအသင်းသည် စပိန်လာလီဂါ ပွဲစဉ် (၈) တွင် ရီးရဲမက်ဒရစ်နှင့် ကစားသည့်ပွဲတွင်သာ ရှုံးနိမ့်ထားခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းက ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် စပိန်လာလီဂါတွင် ရှုံးပွဲနှစ်ပွဲအထိရှိလာပြီဖြစ်ပြီး ဦးဆောင်သူ ဂျီရိုနာအသင်းနှင့်လည်း ရမှတ်ကွာဟမှုခုနစ်မှတ်အထိ ရှိသွားပြီဖြစ်သည်။

ဂျီရိုနာအသင်းအတွက် သွင်းဂိုးများကို ဒေါ့ဗ်ဘီခ်၊ ဂူတီယာရက်ဇ်၊ ဖာနန်ဒက်ဇ်နှင့် စတူအာနီတို့က သွင်းယူပေးနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို လီဝမ်ဒေါစကီးနှင့် ဂန်ဒိုဂန်တို့က သွင်းယူပေးခဲ့သည်။

### ယှဉ်ပြိုင်ကစားရမည်

လာမည့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရှိုင်ရယ်အန့်ဝပ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရ မည်ဖြစ်ပြီး ဂျီရိုနာအသင်းက လာလီဂါပွဲစဉ် (၁၇) တွင် ဒီပို့တီဗိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# တန်ဆောင်မုန်းလ စာအလင်္ကာများ

မောင်လူမွေး (မြန်မာမှု)

**မြန်မာ့ဆယ့်နှစ်လရာသီများအနက် တန်ဆောင်မုန်းလအကြောင်းအရာသည် အခြားလများထက် ပို၍များပါ၏။ ဘာသာရေးဆိုင်ရာ၊ ဆေးပညာဆိုင်ရာ၊ ဝေဒနက္ခတ်ဆိုင်ရာ၊ ရိုးရာဓလေ့ဆိုင်ရာ စသည်ဖြင့် ကျယ်ပြန့်မှုရှိပါ၏။ ထို့ကြောင့်ပင် လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလအမတ်ကြီးက "ဆယ့်နှစ်လရာသီများတွင် တန်ဆောင်မုန်းလသည် အမြတ်ဆုံးဖြစ်သည်" ဟု ရည်ညွှန်းထားလေသည်။**

ထိုရည်ညွှန်းချက်သည် အကြောင်းမဲ့မဟုတ်ချေ။ စတုရင်္ဂဗလအမတ်ကြီးသည် ထိုကျမ်းကို ပြုစုသောအခါ သက္ကတ၊ ပါဠိ၊ စာဏကျနီတိ၊ မဟာရဟနီတိ စသည့်ကျမ်းဂန်များမှ မှီငြမ်းကိုးကားပြီး ပြုစုခဲ့ကြောင်း စာပေသမိုင်းရှိခဲ့ပေသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၆၅၀ ကျော်၊ ၇၀၀ နီးပါး ရှိလေပြီ။

စတုရင်္ဂဗလ စာပေပညာရှင်ကြီးနောက် မြန်မာစာပေပညာရှင်များသည် တန်ဆောင်မုန်းလနှင့် ဆက်စပ်လာပါက ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဝေဒနက္ခတ်ကျမ်းများကို တန်ဆောင်မုန်းလသည် အမြတ်ဆုံးဟူသောအဆိုကို ထောက်ခံဖွင့်ဆိုသကဲ့သို့ ရေးသားပြုစုခဲ့ကြသော စာပေအများပင် ရှိလေသည်။

မဟာမင်းလှ မင်းခေါင်ကျော် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့ ပိုဒ်ရေ ၆-၈-၁၄-၁၆-၃၄-၃၉ တွင် တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာ ကျီးတာရာ-ဖျောက်ဆိပ်ကြယ်၊ ရောဟဏီနက္ခတ်တို့ကို အကြောင်းပြု၍ ရေးဖွဲ့ထားလေသည်။

ထို့အတူ သျှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံ သစ္စာခန်းပျို့ ပိုဒ်ရေ ၁၄၊ မုံရွေး ဇေတဝန်ဆရာတော်၏ ကုသပျို့ ပိုဒ်ရေ ၃၀ တို့တွင်လည်း တန်ဆောင်မုန်းလ အာကာသ၊ နေ၊ လ၊ နက္ခတ်တာရာများကို ဇာတ်လမ်းအကြောင်းအရာလိုက် ရေးဖွဲ့ထားသည်များကို တွေ့နိုင်လေသည်။

အထူးသဖြင့် တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်မှစတင်၍ ဖျောက်ဆိပ်ပေါ်၊ ဖျောက်ဆိပ်မွန်းတည့်၊ ဖျောက်ဆိပ်မြေလူးစသည့် ဆယ့်နှစ်လရာသီခါမှီ အကြောင်းအရာများကို မန်လည်ဆရာတော်၏မဟာသုတကာရီမဃဒေဝလင်္ကာသစ်ပုတ္တောဝါဒခန်း (ပိုဒ်ရေ - ၂၈၀) တွင် ရေးဖွဲ့ထားရာ သဘာဝပတ်ဝန်းကျင် ပြက္ခဒိန်ကြီးကို တစ်ရွက်ချင်း တစ်ရွက်ချင်း လှန်ကြည့်နေရသကဲ့သို့ ရသခံစားရပါ၏။ ဤ၌ အကျယ်မဆိုသာ၍ မြန်မာစာ၊ မြန်မာမှု မြတ်နိုးသူတို့အတွက် အညွှန်းမျှသာ လှစ်ပြနိုင်ပါသည်။

ဖော်ပြပါ ပျို့လင်္ကာအရှည်ကြီးများတွင် အခန်းကဏ္ဍအလိုက် တန်ဆောင်မုန်းနှင့် ဆက်စပ်၍ရှိသလို သီးခြားရေးဖွဲ့ကြသည်လည်း ရှိကြလေသည်။

တန်ဆောင်မုန်းလကို အကြောင်းပြု၍ သီးခြားရေးဖွဲ့ကြသော ရှေးစာဆိုများသည် - လွမ်းချင်း၊ လူးတား၊ သဖြန်၊ ခွန်းထောက်၊ ရတု စသည်ဖြင့် စာအလင်္ကာပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည့်အနက် အချို့သော စာဆိုတို့က ရာသီစက် နက္ခတ်စန်းယှဉ်ပုဏ္ဏမီ၊ ရာသီပန်းစသည့် အချက်အလက်များ ထည့်သွင်းစပ်ဆိုကြလေသည်။ အချို့သော စာဆိုတို့က ထိုလအကြောင်းအရာကို သိသာရုံမျှသာ တို့ကာထိကာ ရေးဖွဲ့ကြသည်လည်း ရှိပေသည်။

အောက်ပါ စာအလင်္ကာမှာ ဖြိုးစွာရာသီ တန်ဆောင်မုန်းလဘွဲ့ကို ဖိုးသူတော်ဦးမင်းက ရေးဖွဲ့ထားသော **"ခွန်းထောက်သဖြန်"** ဖြစ်သည်။ သီချင်းကြီးအမျိုးအစားဝင် ပတ်ပျိုး ဘောလယ်ဆို၍ ပြီးဆုံးသောအခါမှ ဆက်၍ဆိုရသော စာအမျိုးအစားဖြစ်သည်ဟု သိရသည်။ ဇာတ်စကားများတွင် စကားညှပ်၍ ဆိုရသဖြင့် **"စကားခွန်းထောက်"** ဟုလည်းကောင်း၊ တောခရီးလမ်းတွင် စခန်းသွားတစ်ထောက်နားရာတွင် ဖွဲ့ဆို၍ **"ခွန်းထောက်"** ဟုလည်းကောင်း ခေါ်ကြလေသည်။ ရေးစပ်နည်းမှာ အပိုဒ်ကြီး လေးပိုဒ်အပြီး အဆုံးတွင် အက္ခရာ လေးလုံး သို့မဟုတ် ငါးလုံးဖြင့် သံပြေချရလေသည်။

**ဖြိုးစွာရာသီ တန်ဆောင်မုန်းလဘွဲ့ "သဖြန်"**

၁။ လှျူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ ဆုပန်ရွှယ်။ သည်ချိန်ကို ဝတ်မှုန်ကြဲပါလို့ ခဝဲရွှေညှာရင်းမှာကွယ် သင်းရနံ့ကြွယ်၊ ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊ ငွေလစန္ဒာနှင့် ကြတ္တိကာ ကြယ်ပြောင်ရွှန်းတယ်၊ အိုကွယ်... ထွန်းထိန်လို့မြူး။ ။

၂။ ငွေစန်းရယ်တဲ့ပုဏ္ဏမီ။ ။ ရွှေကျီးငယ်တာရာနှင့် ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်ကွယ်.. ချမ်းစရာသီ။ လှျူကထိန်ခါတော်ပွဲငယ်နှင့် ခဝဲပွင့်ဝါစီစီ သာကြည်လဲ့မြူရှင်း၊ တန်ဆောင်မုန်းမှာတော့ မြတ်ဘုန်းဝါထိန်ထိန်နှင့် သဒ္ဓါရှိန် လှူတော်ပွဲမှာလှ၊ ဘဂဝါတကြိမ်လ, အမြဲငယ်ကွယ်... သဲ့ခြိမ့်ခြိမ့်လင်း။ ။

ဤသဖြန်သည် တန်ဆောင်မုန်းလ ခါသမယကို သိသာရုံမျှ တို့ကာထိကာ ရေးဖွဲ့ထားသော စာအလင်္ကာဖြစ်ပါသည်။ နက်နဲသော ဝေါဟာရ၊ ပေါ်ရာဏများ မပါပေ။

အောက်ပါ စာအလင်္ကာမှာ မဟာအတုလ မင်းကြီး၏ ဖြိုးစွာရာသီ (တန်ဆောင်မုန်းလ) လွမ်းချင်းဘွဲ့ဖြစ်လေသည်။

လွမ်းချင်းစာအလင်္ကာမှာ တောတောင်ရေမြေ အာကာသတစ်ခွင် ပတ်ဝန်းကျင်ကို အလွမ်းဓာတ်ခံဖြင့် ရှုမြင်သုံးသပ်သော အရေးအဖွဲ့ဖြစ်သည်။ နှစ်ပိုဒ်ဖွဲ့ရိုးရှိသည်။ အချနှစ်ပိုဒ်လုံးတွင် "လေး" ဟု ဆုံးရလေသည်။

**ဖြိုးစွာရာသီဘွဲ့ "လွမ်းချင်း"**

မြောက်လေငယ်သွင်းပါလို့ မြူနှင်းငယ်စိုစို၊ မြင်တိုင်းငယ်ပြုံသည်၊ ရွှေကျီးညိုတာရာနှင့် ကြတ္တိကာထွန်းတဲ့လ, ကိုလေး။ ။

တန်ဆောင်ငယ်မာသ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးယင် ဖြိုးစွာခွင်သို့ ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလဲ ခိုင်လွှာဝတ်မှုံ ရနံ့သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ လှူကထိန်သဘင်ခင်းပါလို့... ကျင်းကြတယ်လေး။ ။

အောက်ပါစာအလင်္ကာမှာ ညောင်ရမ်းခေတ် ထင်ရှားခဲ့သော စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လူးတားများမှ တန်ဆောင်မုန်းလဘွဲ့ဖြစ်သည်။ လူးတားရေးစပ်နည်းမှာ အစပထမ သုံးလုံးချိ၍ အကြောင်းအရာများရေးပြီးလျှင် အဆုံး၌ ခုနစ်လုံးတစ်လှည့်၊ ဆယ့်တစ်လုံးတစ်လှည့် ရေးပြီး ချလေ့ရှိသည်။ ကဗျာသာရတ္ထ သင်္ဂြိုဟ်ကျမ်း၊ ကဗျာ့စွယ်စုံကျမ်းတို့က "ပလုတ" ပါဠိဘာသာမှ လူးတားအဖြစ် ရွေ့လျားဖြစ်ပေါ်လာသည်ဟု ဆိုပေသည်။ "ပလုတ" ဆိုသည်မှာ အသံရှည်ဆွဲခြင်းကို ဆိုလိုပေသည်။ အချို့ပညာရှင်များကလည်း ချောင်း၊ မြောင်း၊ ရေကြောင်းသွားလာသောအခါ ရေစီးသန်ဒေသများ၌ လှေကြိုးကို တစ်ဖက်ကမ်းတွင်ချည်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်းဆွဲယူသည်ကို လူးတားပေါက်သည်ဟု ခေါ်သည်။ ဤတွင်လည်း အပိုဒ်တစ်ပိုဒ်၏ အဆုံးနှင့် အပိုဒ်တစ်ပိုဒ်၏အစကို ကာရန်တူ၊ အက္ခရာတူ ရှေ့နောက် ပြောင်းပြန် လူးတားပေါက်သကဲ့သို့ ရေးဖွဲ့၍ လူးတား ဝေါဟာရ ဖြစ်သည်ဟု ဆိုလိုပေသည်။ **(လင်းယုန်သစ်လွင်-မြန်မာ့လေ့ ရှု)**

ပြင်စည်မင်းသားကြီး ရေးစပ်သည်ဟုဆိုသော လှေတော်ဖွဲ့ လူးတားတွင်မူ-အဆုံးချကို နောက်တစ်ပိုဒ်တွင် အစချီကာ အပိုဒ်လိုက်ရေးဖွဲ့ထားသည်ကို တွေ့ရပေသည်။ "ကျက်သရေ ဖြန့်မိုးကောင်းကြီးနိုး၊ ဖြန့်မိုးကျက်သရေ..၊ ဘုန်းနေကွန့်ဖြိုး အောင်ပွဲစိုး...ကွန့်ဖြိုးတက်နေ" ဟု ရေးသားထားရာ ဒုတိယအဆို ချောင်း၊ မြောင်းသွားလာ လှေဝေါဟာရ လူးတားပေါက်အဆိုက ပို၍ ယုတ္တိရှိသည်ဟု ဆိုရာ၏။ ဤအဆိုနှစ်မျိုးကို မစောကြောလိုပေ။ ဗဟုသုတအဖြစ်သာ ဖော်ပြခြင်းဖြစ်ပါ၏။

**တန်ဆောင်မုန်းလဘွဲ့ "လူးတား"**

သာစွလေ...၊ ရစ်ခွေပတ်လှည့်၊ မိုးလပြည့်နှင့်၊ တူယှဉ်ပြိုင်ကာ၊ ကြတ္တိကာတည့်၊ ဖြိုးစွာရာသီ၊ နာရီညဥ့်တိုး၊ နတ်လည်းနိုး၍၊ သန်မိုးကုန်စဲ၊ နှင်းသေးဖွဲ့သည်၊ ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချုန်းမိုးသား၊ တိုင်ထွက်ဖျားတွင်၊ ငါးပါးကျိုးရှိ၊ မီးပွင့်ညို၍၊ ပြည်ကြီး ဖွယ်ရာ၊ သဒ္ဒါအားကြိုး၊ မသိုးသင်္ကန်း၊ လှူရွှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ သစ္စာလေးစုံ၊ ရွှေစည်းခုံဝယ်၊ ကြည်ယုံလှကျင်၊ ပွဲပုံယင်လျက်၊ အောက်ထက်ကျော်ရှိန်၊ ပြည့်ဆုချိန်သည်၊ ကထိန်လှူသင်္ကန်းတည့်လေး။ ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး။ ။

ဤလူးတား စာကဗျာ၌ "ဖြိုးစွာရာသီ၊ နာရီညဥ့်တိုး၊ နတ်လည်းနိုး၍" အစရှိသည်များ ဆိုရာ၌ ရှေးက နေ့နာရီ ၃၀၊ ညနာရီ ၃၀၊ တစ်နေ့တာ နာရီ ၆၀ ကို တွက်ရသော "ပတ် သာ တန် ရှည် တီး သံ မြည် လက် ဆီ ကန် စာ ရေး၊ တစ်ဆယ်တိုးမည် ထမ်းပိုးရည်၊ ယင်းသည် အကြွင်းဆေး" ဆိုသော ရှေးမြန်မာနာရီတွက်ရိုး၊ နတ်အိပ် နတ်နိုး ဗိဿနိုးဆိုသော ဟိန္ဒူအယူဝါဒ စသည်ဖြင့် ကျယ်ပြန့်လာပါတော့သည်။

ဆောင်းပါးအစတွင် ဖော်ပြထားသကဲ့သို့ လ တကာတွင် တန်ဆောင်မုန်းလသည် အမြတ်ဆုံးလဖြစ်သည်ဟု လောကနီတိဆရာ ဆိုသည်ကို ညွှန်ခဲ့ပါ၏။ မြတ်သည်ဟု ဆိုဆို၊ လေးနက်သည်ဟု ပြောပြော စာဆိုမယ်ခွေ၏ တန်ဆောင်မုန်းလ အဲချင်းကမူ ထိုဂုဏ်ရည်ကို ထူးခြားစွာဖော်ဆောင်နေပေသည်။ စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လ ရာသီဘွဲ့ အဲချင်းထဲမှ တန်ဆောင်မုန်းလဖွဲ့ကို ဖော်ပြပါမည်။

အဲချင်းဆိုသည်မှာ "အယျေ=အရှင်" ဆိုသော ပါဠိဘာသာမှ ရွေ့လျားလာကာ အဲချင်းဖြစ်လာပေသည်။ ထို့ကြောင့် "နေနတ်ကယ်မှရာဇာလေ...၊ ခမောက်ကယ်မှ စိန်တောင်လေ၊ မင်္ဂလာရယ်မှ မဏ္ဍိုင်ငယ်လေ..." စသည်ဖြင့် ခုနစ်လုံးဖြစ်စေ၊ ခြောက်လုံးဖြစ်စေ စ၍ လေးချိုးများကဲ့သို့ စပ်ဆိုရေးသားရသော စာအလင်္ကာအမျိုးအစား ဖြစ်ပေသည်။

ဤအဲချင်းကိုရေးဖွဲ့ခဲ့သော စာဆိုရှင် မယ်ခွေမှာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှသည် ကုန်းဘောင်မင်းလက်ထက်အထိ နန်းတွင်း၌ ခစားရသော အမျိုးသမီးစာဆိုဖြစ်သည်။ မြန်မာ-အင်္ဂလိပ်အဘိဓာန်ကျမ်းပြု ဆရာယုဒသန်နှင့် တစ်ခုနှစ်တည်းမွေး၍ ကွယ်လွန်သောအခါလည်း နှစ်ပိုင်းများသာကွာလေသည်။ (၁၁၅၀-၁၂၁၀ ခန့်)။

စာဆိုမယ်ခွေ၏ တန်ဆောင်မုန်းလ အဲချင်းကို နားလည်ဖို့ရာ ရာသီစက်၊ ဝေဒနက္ခတ် တာရာဆိုင်ရာများ၊ နာရီခြောက်ဆယ်နည်းနာများ၊ ဥတုဘောဇနကျမ်း၊ တိတ်စွဲတိုင်းဒေသ စသည်များကို ပြိုးပြွမ်းသိပါမှ ရသခံစားနိုင်ပါလိမ့်မည် ဖြစ်ပါသည်။ ရှေးအခါက ထိုစာပေမျိုးကို ရှေးမြန်မာများသည် ယေဘုယျအားဖြင့် သိရှိနားလည် အကျွမ်းတဝင် ရှိကြကြောင်း သိရာ၏။

စာဆိုမယ်ခွေ၏ လတန်ဆောင်အလှ သဘာဝ ပြက္ခဒိန်ကို ဖတ်ရှုခံစားကြဲဆနိုင်ပါစေဟု ဆန္ဒပြု ဖော်ပြအပ်ပါသည်။

**တန်ဆောင်မုန်းလဖွဲ့ "အဲချင်း"**

တိမ်ခိုးမှဖျော့ဖျော့လေ။ ။ ဖလ်နန်းစကြာ၊ ဝိသာခါနှင့်၊ ယှဉ်လာပြိုင်ထွန်း၊ လပြည့်ဝန်းလည်း၊ လေးကျွန်းလည်လှည့်၊ ရွှေဘုန်းတော်ပြည့်လှသည်၊ ကြည့်တိုင်းတော်ပါလို့လေ။ ။

စက်ဖော်ငယ်မှာကွာဝေး၊ အခေါက်တစ်ရာ၊ ကတ္တိပါနှင့်၊ ရတနာကျောက်စီ၊ မည်သရီကို၊ လီလီထပ်ပုံ၊ တစ်ပိုင်းငယ်ခြုံ မလုံသေးလို့၊ အေးလှသနော်၊ လမြတ်ကယ်ဖြိုးစွာ။ ဤအခါကို တံငါငါးမင်၊ ပိုက်ကြီးရှင်တို့၊ ဒေါင်ဒင်သံညောင်း၊ လှေငယ်လောင်းနှင့်၊ မြစ်ကြောင်းမှာ ဆော်သည်၊ နတ်ကျော်အောင်စည်တီးလို့၊ မကြီးငယ်ညှိုး။ ။

ကြောက်စိုးမှလန့်ဖွယ်၊ ခဝဲရစ်ခွေ၊ ပြည်ပန်းရွှေနှင့်၊ တောင်ခြေတောင်ယံ၊ ပင်နန်းပျံ့မှာ၊ လူဟန်နွဲ့ညိတ်၊ ကရဝိက်လည်း၊ ချစ်ရိပ်သွယ်လို့၊ ငယ်သံတွတ်တီး၊ ဆီမီးကထိန်၊ မြောက်လေက ကြိမ်သနှင့်၊ တိမ်အဆာကျယ်၊ နှာမောင်းသွယ်လို့၊ ရွှေနှယ်လိုချီသည်၊ ကျီးအာနီမျက်နှာလှလို့၊ ညပြည်အေး။ ။

နာရီအန္တ၊ ဂဏန်းဆနှင့်၊ ချမ်းစပြုတုန်း၊ တန်ဆောင်မုန်းကို၊ ပတ်ကုံးဝန်းကျင်၊ ဇမ္ဗူပြင်မှာ၊ ကြင်သူမရှိ၊ အသာမိတို့၊ ကယိကန္ဒမ်း၊ မယ့်နှင့်လွမ်းလို့၊ စက်ခန်းဘုံခွင်၊ ငိုလျက်သာဝင်လိမ့်မယ်၊ နှင်းရွှင်ရွှင် ဟေမန်မိုးက၊ ဆော်နှိုးကြွေး။ ။

○ **လူးတားရေးစပ်နည်းမှာ အစပထမ သုံးလုံးချိ၍ အကြောင်းအရာများ ရေးပြီးလျှင် အဆုံး၌ခုနစ်လုံးတစ်လှည့်၊ ဆယ့်တစ်လုံးတစ်လှည့်ရေးပြီး ချလေ့ရှိသည်။ ကဗျာသာရတ္ထ သင်္ဂြိုဟ်ကျမ်း၊ ကဗျာ့စွယ်စုံကျမ်းတို့က "ပလုတ" ပါဠိဘာသာမှ လူးတားအဖြစ် ရွေ့လျားဖြစ်ပေါ်လာသည်ဟု ဆိုပေသည်။ "ပလုတ" ဆိုသည်မှာ အသံရှည်ဆွဲခြင်းကို ဆိုလိုပေသည်။ အချို့ပညာရှင်များကလည်း ချောင်း၊ မြောင်း၊ ရေကြောင်းသွားလာသောအခါ ရေစီးသန်ဒေသများ၌ လှေကြိုးကို တစ်ဖက်ကမ်းတွင်ချည်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း ဆွဲယူသည်ကို လူးတားပေါက်သည်ဟု ခေါ်သည်။ ဤတွင်လည်း အပိုဒ်တစ်ပိုဒ်၏ အဆုံးနှင့် အပိုဒ်တစ်ပိုဒ်၏အစကို ကာရန်တူ၊ အက္ခရာတူ ရှေ့နောက်ပြောင်းပြန် လူးတားပေါက်သကဲ့သို့ ရေးဖွဲ့၍ လူးတား ဝေါဟာရဖြစ်သည်ဟု ဆိုလိုပေသည်**

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့





**နေပြည်တော် ဒီဇင်ဘာ ၁၁**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Charity ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပေးပို့သည့် အမိုးဒိုင်းသံချောင်း (Lip Channel) ၆၅၇ တန်၊ ဒေါင့်သံ ၈၅ တန်၊ အုတ် ၂၄၀၀၀၊ ထရန်စဖော်မာ ရှစ်လုံး၊ မော်တော်ယာဉ် ခြောက်စီး၊ ပရိဘောဂပစ္စည်း ခုနစ်တန်၊ ဆန်အိတ် ၂၀၂၉၀ နှင့် စားအုန်းဆီ ပီပါ ၃၁၀ အပါအဝင် စုစုပေါင်းတန်ချိန် ၂၀၉၃ ဒသမ ၀၃၅ တင်ဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၁ စီးဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၅၇၇၂၉ ဒသမ ၅၁၆ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၁**
ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး (Kaeru Caravan) အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ထင်လင်းအောင်က အမှာစကားပြောကြား၍ အလုံခရိုင် မီးသတ်ဦးစီးမှူး ဦးရှိုင်းဝေမိုးက ဆောင်ရွက်ပြသရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က ကျေးဇူးတင်စကားတို့ ပြောကြားသည်။



သရုပ်ပြအခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဂိမ်းကစားနည်း ကိုးမျိုးဖြင့် သရုပ်ပြ ပညာပေးခဲ့ကြသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ဟိုပုံးမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ရွာသစ်ကျေးရွာအနီး တောင်ကြီး- လွိုင်လင်သွားကားလမ်းတွင် စိုင်းထွန်းလူ(ခ)စိုင်းနော်ခေး မောင်းနှင်လာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၉ ဒသမ ၀၉ ကီလို၊ ကက်တမင်း ၁၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို တာချီလိတ်မြို့နယ်မှ တောင်ကြီးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် လူငယ်များအား အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မလေးရှား၏ လက်ရှိအခြေအနေများကြောင့် အဖမ်းအဆီးများနေသည့်အတွက် တရားမဝင်အလုပ်သမားများ မလာစေလိုကြောင်း မြန်မာအလုပ်သမားအရေးဆောင်ရွက်သူပြော

**ရန်ကုန် ဒီဇင်ဘာ ၁၁**
မလေးရှား၏ လက်ရှိအခြေအနေများကြောင့် အဖမ်းအဆီးများနေသည့်အတွက် တရားမဝင်အလုပ်သမားများ မလာစေလိုကြောင်း မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"နှစ်နိုင်ငံလက်မှတ်ထိုးထားတဲ့ MoU တရားဝင်အလုပ်သမားတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်တဲ့အခါကျတော့ ဒီလူတွေက ပုံမှန်လစာ ရှိတယ်လေ။ တရားမဝင်ဒီနိုင်ငံကို ရောက်လာကြတာက တစ်ပုံကြီးရှိတာမှာ သူတို့ဟာ စကားကလည်း မပြောတတ်၊ အလုပ်ကလည်း မလုပ်တတ်၊ လုပ်တတ်တော့လည်း စကားမတတ်ရင်လည်း မခန့်ဘူး။ အဲဒီမှာ လုပ်ငန်းခွင်အန္တရာယ်ဖြစ်ပြီး သေဆုံးတာတွေလည်း ရှိတယ်။ တချို့က လမ်းမှာတင်အဖမ်းခံရတာ၊ ကားပေါ်တွေမှာ အဖမ်းခံရတာတွေရှိတယ်" ဟု အထက်ပါ တာဝန်ရှိသူကဆိုသည်။

လက်ရှိကာလမှာ မလေးရှားနိုင်ငံ၌ တရားမဝင် ပြည်ပအလုပ်သမားများအား နှစ်စဉ် ဖမ်းဆီးသည့်အချိန်ဖြစ်ပြီး ဖမ်းဆီးမှုများပြားနေကြောင်း သိရသည်။

ထို့ပြင် လက်ရှိ၌ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများအနေဖြင့် မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အလုပ်အကိုင်များ ရှားပါးခြင်းတို့ ကြုံနေရကြောင်း သိရသည်။

"မလေးရှားနိုင်ငံမှာ တရားမဝင်နေထိုင်မှုတွေကို တိုင်းဖမ်းဆီးနေတယ်။ နိုင်ငံထဲဝင်တဲ့ လမ်းခရီးမှာသော်လည်းကောင်း၊ မလေးရှား ရောက်မှသော်လည်းကောင်း ဖမ်းတယ်"ဟု အထက်ပါ တာဝန်ရှိသူက ရှင်းပြသည်။ မြန်မာနိုင်ငံသားများအနေဖြင့် အလိမ်ခံရမှုများစွာ ရှိနေကြောင်း ၎င်းကဆိုသည်။

"မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ၄၅ သိန်းတို့၊ သိန်း ၅၀ တို့၊ သိန်း ၆၀ တို့ပေးပြီး မလေးရှားမရောက်ခင် အလိမ်ခံရတာတွေ၊ ရောက်ပြီးမှ အလိမ်ခံရတာတွေ၊ ဒုက္ခများတာတွေ၊ မိသားစုပြိုကွဲတဲ့ပြဿနာတွေ ဒါတွေ အမြဲ တွေ့နေရတယ်။ ဒါကြောင့်မို့ လောလောဆယ် အနေအထားအရ MoU နဲ့ လွှတ်တာ မဟုတ်ဘဲနဲ့ အေဂျင်စီနဲ့လာမယ်၊ အောက်လမ်းက လာမယ့်သူတွေကို မလာဖို့ မေတ္တာရပ်ခံပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**သစ်တော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mg Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကွင်းမြှောင်ကျေးရွာနေ မောင်ဇော်အား မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ "Yaputti Yaputti" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စီမံကိန်းရပ်ကွက်နေ ဝေယံထွန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (ဒုတိယ)အကြိမ်(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် 11/ 0.4 KV, 100 KVA Transformer(၁)လုံးနှင့် ဆက်စပ်ဓာတ်အားလိုင်းများ တည် ဆောက်နိုင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - ၁၁-၁၂-၂၀၂၃ရက် (တနင်္လာနေ့)

တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်/အချိန် - ၁၀-၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ တင်ဒါခေါ်ယူသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့်အချက်အလက်များကို သိရှိလိုပါက မြို့နယ်ကုသရေး ဦးစီးဌာန၊ ဖုန်း-၀၉-၄၂၅၇၂၂၁၉၁/၀၅၉ ၄၇၆၂၁၀၆ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)Grade-11 မှ နန်းအိအိထွေး ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်သောင်း ၁၃/တကန(နိုင်) ၁၁၃၆၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊Grade-11မှ နန်းနွေဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၁၃/ဟပန(နိုင်)၀၃၄ ၁၃၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊Grade-11 မှ မမြရှင်းသန့်ဖြူ ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်ဦး ၁၃/တကန (နိုင်)၀၀၉၄၇၅ ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ Grade-11မှ နှင်းရီနှင်းဦး၏ အမည်မှန်မှာ နန်းရီနှင်းဦး ၁၃/ရစန(နိုင်) ၁၄၄၆၀၁ ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀)Grade-10မှ မရွှန်းလဲ့ဝဒီ၏ အမည်မှန်မှာ မရွှန်းလဲ့ဝတီ ၁၃/တကန(နိုင်)၃၄၉၁၆၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျိုက်လတ်မြို့နယ်၊ အထက(ခွဲ)အလန်းအုပ် Grade-4မှ နော် Aလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၄/ပလဝ(နိုင်) ၀၅၅ ၃၇၇ ဖြစ်ပါကြောင်း။

**ဦးတင်အောင်**

## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံရှိ သံဖြူဇရပ်စစ်သင်္ချိုင်းဆိုင်မန်နေဂျာနှင့် ရန်ကုန်စစ်သင်္ချိုင်း ဥယျာဉ်မှူးကြီးတာဝန်နေရာများ လစ်လပ်လျက်ရှိပါ သည်။

လိုအပ်သောအရည်အချင်း

သံဖြူဇရပ်စစ်သင်္ချိုင်းဆိုင်မန်နေဂျာ (ဘွဲ့ရကွန်ပြူတာကျွမ်းကျင်၊ အင်္ဂလိပ်စကားပြောအရေးအသားကျွမ်းကျင်၊ အုပ်ချုပ်မှုစွမ်းရည် အတွေ့အကြုံအနည်းဆုံး ၂နှစ်။

လိုအပ်သောအရည်အချင်း

ရန်ကုန်စစ်သင်္ချိုင်း ဥယျာဉ်မှူးကြီး (စိုက်ပျိုးရေးဆိုင်ရာဒီပလိုမာ(သို့) ကော်မရှင်လက်ခံပညာအရည်အချင်း။ အင်္ဂလိပ်စကားပြော အရေးအသား ကောင်းမွန်၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃နှစ်ရှိရမည်။

မြန်မာနိုင်ငံ၌အမြဲအလုပ်လုပ်ကိုင်ရန်ဥပဒေနှင့်ညီညွတ်သူဖြစ်ရမည်။

အလုပ်လျှောက်ထားသူသည် ကိုယ်ရေးအချက်အလက်များနှင့် အခြားလိုအပ်သော အထောက်အထားများ တင်ပြရမည်။

လျှောက်လွှာတင်ရန်နှင့်မေးမြန်းဆက်သွယ်ရန်

ဖုန်း ၀၉-၄၄၈၀၀ ၂၉၂၅

thet.mon@ewgc.org

လျှောက်လွှာပိတ်ရက် ၂၀၂၃ ခု၊ ဒီဇင်ဘာလ ၃၁ ရက်

## ရောင်းရန်ကြော်ငြာ

ပြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ တိုင်းဆေးရုံကြီးရှေ့လမ်း၊ အမှတ်(၇၅)နေအိမ်နှင့် (၉၅ x ၃၈)ပေ မြေကွက်ကို ပိုင်ရှင် ဦးအောင်စိုးမိုး ၈/မလန(နိုင်)၀၀၅၄၇၇ ကရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁/၈၉)**
**အမှတ်(၄)၊ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊သန်လျင်မြို့**
**ဖုန်း-၀၉-၂၅၄၁၄၃၃၇၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဓာတ်ခွဲပစ္စည်း(IHC)Reagent များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-18DMS/2023-2024(L) ဖြင့်ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံး အမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၂-၁၂-၂၀၂၃ရက် (အင်္ဂါနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၁၂-၂၀၂၃ရက် မွန်းတည့် ၁၂နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အထက(၁) အေးသာယာ Grade-5(A)မှ မဟိန်းခက်ဝေအား ယနေ့မှစ၍ မအိမ့်ခက်ဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်ခက်ဝေ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရွှာငံမြို့၊ အထက(ရွှာငံ) Grade-8မှ မသော်တာဆွေ၏ အမည်မှန် မှာ မသော်တာဖြစ်ပြီး Grade-7မှ မောင်အောင်သျှိုင်း၏ ဖခင်အမည်မှန်မှာ ဦးသာချို ၁၂/သခန(နိုင်)၀၃၂၆၆၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ ဦးအောင်မြတ်၏သမီး ကျွန်မ ဒေါ်သန်းနွဲ့ ၁၃/တကန(နိုင်) ၀၂၄၉၅၁၏နိုင်ငံကူးလက်မှတ်အမှတ် (ME-767506)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၀၉၄၉၉

## အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက ဥသျှစ်ပင်မှ G/11 ကျောင်းသူ မကြယ်စင်ခိုင်၏ အမည်မှန်မှာ မကြယ်ဇင်ခိုင်ဖြစ်ပြီး ၎င်းဖခင်၏ အမည်မှန်မှာ ဦးတင်ထွန်းနိုင် ၁၄/ မအန(နိုင်)၂၈၆၁၂၁ ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာဇလမ်း၊ အမှတ် ၈၁၇ နေ ကျွန်မဒေါ်ဝင့်ဝါလွင် ၁၂/မရက(နိုင်)၁၄၅၅၃၀မှအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ဝင့်ဝါလွင်နှင့် ဦးမြင့်မောင်မောင်(ဘ)ဦးမြင့်စိန် ၁၂/ ထတပ(နိုင်) ၀၆၇၁၁၃ တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၀-၁၂-၂၀၂၃ရက် တွင် ဒိုက်ဦးမြို့၊ မင်းတဲရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးမြင့်မောင်မောင်နှင့် ပတ်သက်သော လူမှုရေး၊ စီးပွားရေးစသည့်ကိစ္စရပ်များအားလုံးသည် ဒေါ်ဝင့်ဝါလွင်နှင့် မသက်ဆိုင်ပါ၍တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် နောက်နောင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝါလွင် ၁၂/မရက(နိုင်)၁၄၅၅၃၀**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ်(၈၄၇-ဃ-၁၄/ဆီးယင်းတောင်)၊ ဦးပိုင်အမှတ်(၉၄/၂)၊ ဧရိယာ(၀ဒသမ၀၃၉)ကေရှိ ဝင်းမြေအား ဦးဟရန်းနွန်ကပ်(ဘ)ဦးထန်ဒွမ်း ၅/ကလထ(နိုင်) ၁၁၂၉၉၆၊ ဒေါ်စန္ဒာငွေး(ဘ)ဦး ချန်ဝမ်း ၅/ကလထ(နိုင်) ၀၀၁၂၇၂ တို့ကၕင်းတို့အမည်ဖြင့် မြေဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့်အထောက်အထား ခိုင်လုံစွာ ဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟရန်းနွန်ကပ်-ဒေါ်စန္ဒာ ငွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ကလေးမြို့၊**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၆)လမ်း၊ အမှတ်(၅၁၇/က)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း(၅)ထပ်တိုက်၏အကျယ်အဝန်း (၁၈x၄၅)ပေ ရှိမြေညီထပ်တိုက်ခန်း(၁)ခန်းအပါအဝင် ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာတို့နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုလက်ရှိပိုင်ဆိုင်သူ ဦးဇော်ဝင်းမောင် ၅/မရန(နိုင်) ၁၈၀၃၈၀သည် ကန်ထရိုက်တာဖြစ်သူ ဦးနိုင်အောင်(ခနရွှေနန်းဆောက်လုပ်ရေး ကုမ္ပဏီ)ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် ၁၂/ သဃက(နိုင်) ၀၃၈၁၆၂က အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးဝင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂရေစီအေးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၇/၂၀၁၇)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ဝန်ထမ်း(၅၃)ဦးအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | သုတေသနလက်ထောက်-၄ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Agr.Sc ဘွဲ့ရရှိသူ Dip.Agri အောင်လက်မှတ်ရရှိသူ | (၂၅) ဦး |
| (ခ) | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ | (၅) ဦး |
| (ဂ) | စာရင်းကိုင်-၄ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ | (၂) ဦး |
| (ဃ) | စာရင်းစစ်-၄ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ | (၃) ဦး |
| (င) | ဓာတ်ခွဲခန်းကျွမ်းကျင်-၄ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | သိပ္ပံ (B.Sc) ဘွဲ့ရရှိသူ | (၂) ဦး |
| (စ) | ဒုလ/ထကွန်ပျူတာစီစဉ်ရေးမှူး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | အခြေခံပညာအထက်တန်းအဆင့်ရရှိသူ၊ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ | (၃) ဦး |
| (ဆ) | ထွန်စက်မောင်း-၅/ ယာဉ်မောင်းစက်ပြင်-၅ ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်းအဆင့်ရရှိသူ၊ ထွန်စက်မောင်း/ယာဉ်မောင်းစက်ပြင် လုပ်ငန်းကျွမ်းကျင်သူဖြစ်ပြီး ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရှိသူ | (၆) ဦး |
| (ဇ) | လုပ်သား/အစောင့် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာအလယ်တန်းအဆင့်/ အခြေခံပညာမူလတန်းအဆင့်ရရှိသူ | (၇) ဦး |
| | စုစုပေါင်း | | (၅၃) ဦး |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) ဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)မှ အမှတ်စဉ်(င)အထိ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့် (၃၁.၁၂.၂၀၂၃) ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရ မည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(စ)မှ အမှတ်စဉ်(ဇ)အထိ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့် (၃၁.၁၂.၂၀၂၃) ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခံရပါက တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသသုတေသနဗဟိုဌာန/ သုတေသနခြံ/ စခန်းများ၌ သွားရောက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) ရွေးချယ်ခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးရန်နှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) တစ်လအတွင်း ရိုက်ထားသော (၁.၂"x၁.၄") အရွယ် ကာလာဓါတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ။

(ဂ) ဘွဲ့လက်မှတ်/ အောင်လက်မှတ်မိတ္တူများ။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ် (၂)ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ ပြစ်ဒဏ် ကင်းရှင်းကြောင်း၊ ဌာန အကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၄။ ဖြေဆိုမည့်သူများသည် လျှောက်လွှာများကို နေပြည်တော်၊ ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ စီမံခန့်ခွဲရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနစုသို့ (၁၅.၁၂.၂၀၂၃) ရက်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အထောက်အထား(မူရင်း) များနှင့်အတူ လာရောက်ထုတ်ယူရန်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသသုတေသနဗဟိုဌာန/ စိုက်ပျိုးရေးသုတေသနခြံ/ စိုက်ပျိုးရေးသုတေသနစခန်း များတွင်လည်း လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ လျှောက်လွှာများကို (၃၁.၁၂.၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့အား စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် -

(က) သုတေသနလက်ထောက်-၄၊ စာရင်းကိုင်-၄၊ စာရင်းစစ်-၄၊ အငယ်တန်းစာရေး၊ ဓါတ်ခွဲခန်းကျွမ်းကျင်-၄ ရာထူးများအတွက် (၁၀.၁.၂၀၂၄) ရက်နေ့ နံနက် (၁၀:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များအား ဖြေဆိုခြင်း။
(၁၀.၁.၂၀၂၄) ရက်နေ့ မွန်းလွဲပိုင်းတွင် လူတွေ့စစ်ဆေးခြင်း။

(ခ) ဒုလ/ထကွန်ပျူတာစီစဉ်ရေးမှူး၊ ထွန်စက်မောင်း-၅၊ ယာဉ်မောင်းစက်ပြင်-၅ ရာထူးများ အတွက် (၁၀.၁.၂၀၂၄) ရက်နေ့ နံနက် (၁၀:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ (မြန်မာစာ၊ အထွေထွေ ဗဟုသုတ) ဘာသာရပ်များအား ဖြေဆိုခြင်း။
(၁၀.၁.၂၀၂၄) ရက်နေ့ မွန်းလွဲပိုင်းတွင် လက်တွေ့နှင့် လူတွေ့စစ်ဆေးခြင်း။

(ဂ) လုပ်သား နှင့် အစောင့်ရာထူးများအတွက် (၁၀.၁.၂၀၂၄)ရက်နေ့ နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀) နာရီအထိ (မြန်မာစာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များအား ဖြေဆိုခြင်း။
(၁၀.၁.၂၀၂၄) ရက်နေ့ မွန်းလွဲပိုင်းတွင် လူတွေ့စစ်ဆေးခြင်း။

၇။ ရေးဖြေ/ လက်တွေ့/ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါကြောင်းနှင့် ရွေးချယ်ခံရသူများသည် ဌာန၏ သတ်မှတ်ချက်အတိုင်း ရာထူးတိုးမြှင့်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ တယ်လီဖုန်းနံပါတ် - ၀၆၇-၃၄၁၆၅၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၂၃၃/ခ၊ မြေကွက်တည်နေရာအမှတ် ၂၃၃/ခ၊ မြေတိုင်းလမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြောက်(ဦးစောသာထွန်း)(HBE-၀၃၉၂၁၈)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးစောသာထွန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၉၃၆/၂၀၁၈၊ ၁၄-၁၂-၂၀၁၈ ဖြင့် ဒေါ်နန်းလွန်းခင် (ဇနီး)မှ ပိုင်ဆိုင်လာကာ ယခုအခါ ဒေါ်နန်းလွန်းခင် ၁၂/မရက(နိုင်)၀၆၃၂၉၄ (မိခင်)မှာ ကွယ်လွန်သွားသဖြင့် ၎င်းတို့၏မိဘများမှ မွေးဖွားသည့် ဒေါ်နန်းအေးအေးမိုး ၁၂/မရက(နိုင်)၀၆၃၂၈၈၊ ဦးစောကျော်ဝင်းထွန်း ၁၂/ဒဂမ(နိုင်)၀၀၄၀၀၅ တို့မှ မိဘများတွင် ၎င်းတို့သားသမီးနှစ်ဦးသာ မွေးဖွားခဲ့ကြောင်း အခြားသော ကိတ္တိမသားသမီးများမွေးစားထားခဲ့ခြင်းမရှိကြောင်း မိဘများ၏အထက်ပါမြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးအား မိမိတို့မှလွဲ၍ အခြားသော ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဒေါ်နန်းအေးအေးမိုး +၁ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အိမ်အမှတ်(မ/၁၁၅)နေ ဦးကျော်ကျော်-ဒေါ်ခင်မြင့်လေးတို့၏သမီး မစုမြတ်နိုး ၁၃/တကန(နိုင်) ၃၀၁၃၅၄ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီး နောက်နောင်၎င်း နှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်-ဒေါ်ခင်မြင့်လေး**

## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသည့် လစဉ်ကြေး/နှစ်စဉ်ကြေးများကို (၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန်ပျက်ကွက်နေပါသဖြင့် အဆိုပါ အသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသောကြောင့် မိမိတို့ ပေးသွင်းရန် ကျန်ရှိနေသည့် လစဉ်ကြေး/နှစ်စဉ်ကြေးများကို (၃၁-၁၂-၂၀၂၃)ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး မပျက်မကွက် ပေးသွင်းကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**(ငွေသွင်းရန် ဘဏ်အကောင့်များအား ဖော်ပြထားပါသည်။)**

CB Bank

**Call Deposit Account**

Account Name–Yangon Golf Club

Account Number–0086100900023612

**Regular Saving Account**

– Yangon Golf Club

– 0086600300005808

AYA Bank

**New Business Call Deposit Account (Special Account)**

Account Name – Yangon Golf Club

Account Number – 40029801228

**Regular Saving Account**

Account Name – Yangon Golf Club

Account Number – 20028886840

ဆက်သွယ်ရန်ဖုန်း-၀၉-၆၈၆၄၄၄၂၆၆၊ ၀၉-၈၈၂၅၆၁၅၀၀၊ ၀၉-၇၃၂၅၄၈၃၅

**ရန်ကုန်ဂေါက်အသင်း**

### ပတ်စ်ပို့ပျောက်

ကျွန်မ မခိုင်ဇင်ဦး ၇/ထတပ (နိုင်)၀၇၀၂၂၂ ၏ ပတ်စ်ပို့နံပါတ် (မ မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၂၅၂၄၈၂၄

### ပတ်စ်ပို့ပျောက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒါ ရပ်ကွက်နေ ဦးကျော်မင်းထွန်း၏သား မောင်ချစ်ရအောင် ၁၀/ပမန(နိုင်) ၂၈၆၀၆၁ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၄၉၁၆၁၃

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ နတ်စမ်းကျေးရွာနေ အထက၊ ကျိုက်မရော Grade-10 မှ မောင်မင်းညီဟိန်း၏ ဖခင်အမည်မှန်မှာ မာမက်ဆလင်း PBDN ၀၁၁၄၈၈ ဖြစ်ပါကြောင်း။

မာမက်ဆလင်း

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၅)လမ်း၊ အမှတ်(၇၅၉/က)ရှိ (၂၀x၆၀)ပေ မြေပေါ်တွင်ဆောက်လုပ်ထားသော ၁ခန်းတည်း၅ထပ် RC တိုက်ရှိ ၁၈ပေ x ၅၄ပေ၊ အမြင့် ၉ပေ ကျယ်သော ပထမထပ်ဟုခေါ်တွင်သည့် ရေမီးအပြည့်အစုံပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အ ရပ်ရပ်အားလုံးတို့ကို မြေရှင်ကန်ထရိုက်စာချုပ်အရ မြေရှင် ဦးခင်မောင်ဝင်း ၁၂/ဥကတ(နိုင်)၀၂၄၂၇၈၈ ပိုင်ဆိုင်လက်ဝယ်ထားရှိကာ အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းမြင့်ဇော် ၁၄/ဇလန(နိုင်)၀၉၆၅၅၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း -၀၉-၇၉၀၁၄၄၅၂၇**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ရုံးရပ်၊ မြေဧရိယာ ၀ဒသမ ၁၁၀ရှိ မြေကွက်အမှတ်(ပ-၂၃၀၉၅)ကို အမည်ပေါက် ဦးအောင်မြင့်မြတ် (ဘ)ဦးစောဘုန်းအောင် ၉/ပကခ(နိုင်)၀၀၄၇၆၆ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးမျိုးထက်အောင် (ဘ)ဦးအောင်ကျော်ဆန်း ၉/စကတ(နိုင်)၀၆၃၈၂၈မှ ဒေါ်သဲစုဝင်း (ဘ) ဦးချန်ကြင်(ခ)သောင်းဝင်း ၉/မနတ(နိုင်)၀၆၆၄၅၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၅၄/၂၇၂၃(၂၀-၉-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အောင်ဇမ္ဗူ၊ မြေကွက်အမှတ်(၃၂၆)၊ ဧရိယာ(၀ဒသမ၀၁၅၉)ကေရှိ ဒေါ် သန်းသန်းဆင့်၊ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ထန်းဟန္န(ဘ)ဦးချိုကီးထန်း ၄/မတန(နိုင်)၀၃၁၈၃၆မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၂၀/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သန်းသန်းအေး(ဘ)ဦးတင်အေး ၁၂/အစန(နိုင်)၀၃၅၈၀၀နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၉၊ ၇-လွှာ၊ အပေါ်ဆုံးထပ် RC အလွှာ (၁၅ပေ X ၅၀ပေ) အကျယ်ရှိသော တိုက်ခန်းအား ပိုင်ဆိုင်သူ ဒေါ်သန်းသန်းရွှေ ၁၂/ တမန(နိုင်)၀၀၆၂၄၈ မှ ဆက်စပ်စာချုပ်များ ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယခု အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြော်ငြာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေရန် ကြေညာအပ်ပါသည်။

**မြန်မာဝင်းရွှေဝါကုမ္ပဏီလီမိတက်**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်သွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၁၆)**
**အမှတ် (၈၇)၊ သုနန္ဒ(၂)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉- ၄၄၉၀၀၄၅၄၂၊ ၀၉-၉၅၉၅၂၉၉၂၅**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယုဇနဝင်းပြည့်စုံဦး (Facebook Accout Name - Yuzana Win Pyae နှင့် Shwe Yee ) အကောင့်မှ ငွေချေးယူခဲ့မှုများအား မချိုဇင်သွယ်၏ (Facebook Account Name - Choko Ko)အကောင့်နှင့်အတူ ငွေများပူးပေါင်း လိမ်လည်သည်ဟုဆိုကာ Facebook Account Name အမျိုးမျိုးအား အသုံးပြု၍လည်းကောင်း၊ Messenger Account အမျိုးမျိုးအား အသုံးပြု၍လည်းကောင်း မချိုဇင်သွယ် (Facebook Account Name - Choko Ko) အား လုပ်ကြံလီဆယ်ဖန်တီးကာ မဟုတ်မမှန် စွပ်စွဲပြောဆိုရေးသားဖော်ပြနေခြင်း၊ မချိုဇင်သွယ်နှင့် သူမ၏ မိသားစု (မိဘ) အမည်များ အသုံးပြု၍ မမှန်မကန်ရေးသားဖော်ပြနေခြင်း၊ ယုဇနဝင်းပြည့်စုံဦး ချေးယူသွားသည့်ငွေများအား မတရားခြိမ်းခြောက်တောင်းခံနေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အရှက်တကွဲ ဖြစ်စေရန် နည်းလမ်းမျိုးစုံဖြင့် အသရေဖျက် ရေးသားနေခြင်း၊ အကျိုးစီးပွားများ ထိခိုက်ပျက်စီးဆုံးရှုံးစေရန် ရေးသားဆောင်ရွက်နေခြင်း၊ မချိုဇင်သွယ်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သူမ၏ ဓာတ်ပုံများနှင့် မှတ်ပုံတင်ပုံများအား ဖော်ပြကာ သတင်းမှားဖြန့်ဖြူးနေခြင်း၊ မချိုဇင်သွယ်အပါအဝင် ၎င်းမိသားစုနှင့် သူမပတ်ဝန်းကျင်ရှိ လူအများထံသို့ မဟုတ်မမှန်သည့် စာသားများပေးပို့ကာ မချိုဇင်သွယ်အပါအဝင် ၎င်းမိသားစုများအား ကိုယ်စိတ်နှစ်ပါးထိခိုက်စေရန် ရည်ရွယ်ချက်ရှိရှိ ရေးသား ဆောင်ရွက်နေကြခြင်း စသည့် ကိစ္စရပ်များအား သတင်းစာတွင် ကြေညာပါသည့်ရက်မှစ၍ ရေးသားဖော်ပြထားသည်များအား ဖျက်ပေးကြပါရန် သတိပေးအပ်ပါသည်။ ယုဇနဝင်းပြည့်စုံဦး ငွေချေးသည့်ကိစ္စသည် မချိုဇင်သွယ် ဖြင့် သက်ဆိုင်မှုလုံးဝမရှိပါကြောင်းနှင့် ယုဇနဝင်းပြည့်စုံဦး ချေးယူသွားသည့်ငွေများနှင့်ပတ်သက်၍ သူမနှင့်သာ တိုက်ရိုက်တောင်းဆိုဖြေရှင်းကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြနေခြင်းများအား ဖျက်ပေးခြင်းမရှိဘဲ ဆက်လက်ရေးသားနေသည်များကို တွေ့ရှိပါက ထိုသို့ရေးသားဆောင်ရွက်နေသူများနှင့် ထပ်မံရေးသားဖော်ပြနေသူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး (LL.B, D.B.L) ဒေါ်သီသီအေး(LL.B(Q), D.I.L, C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၁) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၇၅)**
**ဒေါ်ခင်ခင်ကြီး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၈၉၂)**
**တိုက်အမှတ် (၁၈)၊ မြေညီထပ်(အေ)၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၂၈၀၈၀၉၊ ၀၉-၄၃၁၇၆၀၃၂၊ ၀၉-၄၅၉၉၄၄၉၁၆၊ ၀၉-၄၂၅၃၀၅၃၂၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-II/ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၁၀၀-ထ)၊ မြေဧရိယာ ၀ ဒသမ ၁၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်ခင်လှ ၉/မမန(နိုင်)၀၀၈၀၁၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ် ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ အလယ်ရပ်၊ ရွှေကျင်ဓမ္မာရုံကျောင်းတိုက်တွင် နေထိုင်သော ဦးသီဟညာဏ ၉/မပမ(သ)၀၀၄၃၆၄ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MA-792783မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၀၁၈၃၃၉**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၂)၊ Grade-9မှ မောင်ထက်နိုင်ဝင်း ၏ ဖခင်အမည်မှန်မှာ ဦးမောင်လှိုင် ၅/ကဘလ(နိုင်) ၁၅၀၅၉၆ဖြစ်ပါကြောင်း။

**ဦးမောင်လှိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၂)၊ ဦးပိုင်အမှတ် (၄၅)/၆၈x၆၉လမ်းကြား၊ ၃၇x၃၈လမ်းကြားရှိ ဦးကိုကို၊ ဒေါ်မြင့်မြင့်သိန်း အမည်ပေါက်ဂရန်မြေကွက်အား ခင်ပွန်းဦးကိုကိုကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူဇနီး ဒေါ်မြင့်မြင့်သိန်း ၉/မရမ(နိုင်)၁၀၈၈၂ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ် (၈)/၅၂x၅၃လမ်းကြား၊ ၁၁၆လမ်း၊မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၇၉၁/၉၂-၉၃) အရ ဦးတင်အေး (MDA-၁၀၃၁၃၉)၊ ၉.မရမ(နိုင်)၀၆၅၅၅၆ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးသိန်းစိုး ၅/မမတ(နိုင်)၀၄၆၆၉၂ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ် (၇)/၅၅x၅၆ကြား၊ ၁၀၆x ၁၀၇လမ်းကြားရှိ ဦးတင်မောင်ဝင်း အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဦးမျိုးနိုင်က တရားပြိုင် ဦးကျော်ဇောမင်း၊ ဦးတင်မောင်ဝင်းတို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၄/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးမျိုးနိုင် ၁၃/နမတ(နိုင်)၀၂၄၂၀၄ တို့ကတောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၈)၊ ဦးပိုင်အမှတ်(၂၂)/၆၇x၆၈လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဦးဘကြည် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးဘကြည်၊ မိခင်ဒေါ်အုန်းမြတို့ ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီးများဖြစ်ကြသော ဦးသန်းထွဋ်ဦး ၉/မနမ(နိုင်)၀၉၅၈၆၅၊ ဒေါ်ဝင်းဝင်းမြ ၉/မနမ(နိုင်)၀၉၅၈၆၆၊ ဒေါ်ခိုင်ခိုင်မြ ၉/မနမ(နိုင်)၀၉၅၈၆၇၊ ဒေါ်ကြည်ကြည်မြ ၉/မနမ(နိုင်)၀၀၀၂၇၃ တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇)၊ ဦးပိုင်အမှတ် (C-2B)/၆၂လမ်းခွဲနှင့် ပန်းရံတော်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်းဦးဖိုးနီကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မီစီ(ခ) ဒေါ်ညီညီ ၉/မနတ(နိုင်)၀၅၄၄၀၃ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောင်ဥက္ကလာပမြို့နယ်၊ (၁၀ )ရပ်ကွက်၊ ဗလ္လိက(၁၁)လမ်း၊ အမှတ် (၃၂၆)မြေညီထပ် (ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၉)၊ ဒုတိယထပ်နေ ဦးနေလင်းကျော်(ခ)ရှုပနာရာရင်း ၁၂/လမန(ဧည့်)၀၀၀၆၈၆၏ လွှဲအပ်ချက်အရ အများသိစေအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၁)လမ်း၊ အမှတ်(၃၂၆)မြေညီထပ်၊ (ခေါင်းရင်းခန်း)ကို တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သန့်သဇင်နိုင် ၁၂/အစန(နိုင်)၂၂၈၂၀၃ထံမှ အပြီးအပိုင် တရားဝင်လက်ရောက်ဝယ်ယူပြီးဖြစ်ပါသောကြောင့် အထက်ပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနေလင်းကျော်(ခ) ရှုပနာရာရင်း တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါကြောင်းနှင့် အထက်ပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်အကြောင်းကြားနိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးနေလင်းကျော်(ခ)ရှုပနာရာရင်း၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြသီတာ (LL.B)** | **ဒေါ်အေးသန္တာမင်းအောင် (LL.B, D.B.L)** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၀၇၂၄၉၄**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## တွေ့ရှိပါက အကြောင်းကြားပေးပါရန်

သီဟကျော် (ဘ) ဦးလှငွေး ၁၂/မဂတ(နိုင်)၁၀၀၇၄၄ သည် နေအိမ်မှအပြင်သို့ သွားနေခိုက် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အမှတ်(၇၉)၊ ၄-လွှာ၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဆက်သွယ်ပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်ဝင်းသိန်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၈၆)**
**အမှတ်-၂၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက် အမှတ်(၃၁၈)၊ ဦးပိုင်အမှတ်(၈)၊ ၃၂x၃၃ကြား၊ ၈၉x၉၀ကြားရှိ ဒေါ်မြစိန်၊ ဒေါ်တင်စိန်၊ ဒေါ်တင်ကြည်၊ ဦးသောင်းညွန့်၊ ဒေါ်အမာစိန်၊ ဒေါ်အမာကြည်၊ ဒေါ်အမာဘီ၊ ဒေါ်တင်အုန်းမြင့်၊ ဦးသိန်းကျော်တို့ အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်မြစိန်(အပျိုဘဝ)၊ဒေါ်တင်စိန်(အပျိုဘဝ)၊ ဒေါ်တင်ကြည်(အပျိုဘဝ)၊ ဒေါ်အမာစိန် (အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဦးသောင်းညွန့် ၁၂/ရကန(နိုင်)၀၁၃၈၀၄၊ ဒေါ်အမာကြည် ၉/မနတ(နိုင်)၀၁၇၄၃၈၊ ဒေါ်အမာဘီ ၉/မနတ(နိုင်)၀၁၇၄၃၉၊ဒေါ်တင်အုန်းမြင့် ၉/မနတ(နိုင်)၀၁၇၄၄၀၊ ဦးသိန်းကျော် ၉/မနတ (နိုင်)၀၁၇၄၄၁ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက် အမှတ်(၂၇၃)၊ ဦးပိုင်အမှတ် (၁၅-စ)/၃၃x၃၄လမ်းကြား၊ ၈၆လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူခင်ပွန်း ဦးဖိုးနီကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်မီစီ(ခ)ညီညီ ၉/မနတ(နိုင်)၀၅၄၄၀၃ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၇)၊ ဦးပိုင်အမှတ် (၁/၂)၊ တပင်ရွှေထီးလမ်းနှင့်ရေဆိုးပြစ်မြောင်းကြား၊ ၅၈လမ်းပေါ်ရှိ မန္တလေးမြို့တော်မြေယာစီမံခန့်ခွဲရေးကော်မတီ၏ ၂-၅-၂၀၁၉ ရက်စွဲပါစာအမှတ် ၁၀၀၁/၉/အယလ(၀၄၀၄)အရ ပိုင်ဆိုင်သူ ဦးဝင်းဦး ၉/အမရ(နိုင်)၀၂၉၇၃၆ က မြေကွက်၏ မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရပ်ကွက်၊ ရဲစခန်း၊ အုပ်ချုပ်ရေးမှူးရုံးတောက်ခံချက်များ တင်ပြ၍ ဂရန်သစ် လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြ (ဘားလား)ကျေးရွာ၊ ကွင်းအမှတ် (၄၉၅-အေ) ဒေါ်မြင့် ၁၂/လကန(နိုင်)၁၂၇၉၂၉ မြေချပါမစ်အမည်ပေါက်ဖြစ်သော ခြံအမှတ်(၃၃၀)နှင့် အလျားပေ၂၀xအနံပေ၁၀၀ ဦးထွန်းဝင်း ၁၂/လကန(နိုင်)၀၆၄၇၇၃မြေချပါမစ်အမည်ပေါက်ဖြစ်သော ခြံအမှတ်(၃၃၂)၊ အလျားပေ၂၀xအနံပေ၁၀၀ မြေကွက်အား ဒေါ်ခင်ခင်သိန်း ၁၂/ရကန(နိုင်)၀၃၅၃၀၀ မှ လက်ရှိပိုင်ဆိုင်ပြီး အဆင့်ဆင့်စာချုပ်ဖြင့် ရောင်းဝယ်ပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သိန်း ၁၂/ရကန(နိုင်)၀၃၅၃၀၀**
**ဖုန်း-၀၉-၄၂၀၄၃၀၈၀၀**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (ဘ)ဦးသူရဆွေ၏ သားမောင်ဖြိုးသူ ၁၂/သကတ(နိုင်)၁၉၉၅၄၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-958329 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၂၀၉၅၁၅၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် စောဘကြည် ၃/ဘအန(နိုင်)၂၀၃၀၄၅ ၏ဖခင် ဦးထွန်းရှိန်နှင့် ဦးထွန်းရှိန်ဖိုး ၃/လဘန(နိုင်)၀၂၂၃၂၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/66958 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလှိုင်ဝင်း ၉/ညဥန(နိုင်)၁၇၁၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၃)၊ ဦးပိုင်အမှတ် (၂၃)/ အနောက်ဘက် ခြမ်းခဲစင်း/၁၁၀x ၁၁၁ကြား၊ ၆၈x၆၉လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးကျော်လေး ၉/မရတ(နိုင်)၀၁၁၇၄၃၊ (CHK-၀၀၁၄၆၈) ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၉၈/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းသန်းငွေး ၁/ဗမန(နိုင်)၀၇၄၀၂၀ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ယခင်အကွက်အမှတ်(၄၁၅-N)၊ ယခုအကွက်အမှတ်(၄၁၅/မ-၅)၊ ၁၀လမ်းx၁၁လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဦးပိုင်အမှတ်(၂-ခ)ဟုခေါ်တွင်သော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ(၁၉ပေx၈၅ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်မာကြည်ပါ(၄)ဦးတို့ပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်+နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးအောင်စိုးဦး (ဘ)ဦးကံဦး ၉/အမဇ(နိုင်)၀၂၅၀၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းဝင်းခိုင်(LL.B)** | **ဒေါ်ဖြူမာသင်း(LL.B)** |
| **(စဉ်-၉၇၇၈)** | **(စဉ်-၁၄၆၉၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**၅၂x၅၃လမ်းကြား၊ ၁၁၆(ဘီ)လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၉၄၃၉၅ ၊ ၀၉-၂၅၆၀၁၄၀၁၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ် (ခ-၁၅)/စိန်ပန်းလမ်းနှင့်ပိတောက်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်း ဦးထွန်းလှ ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်သိန်းညွန့် ၉/အမရ(နိုင်)၀၁၂၀၀၀က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၀)၊ ဦးပိုင်အမှတ် (၈)၊ ၆၀.Bx၆၁ကြား၊ ၁၂၉x၁၃၀လမ်းကြားရှိ ဦးလှဦး အမည်ပေါက်တောဂရန် မြေကွက်အား တရားလို ဦးအေးမင်းက တရားပြိုင် ဦးလှဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၇/၂၀၂၃)ဖြင့်တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးအေးမင်း ၉/လဝန(နိုင်)၁၃၂၁၅၈ ကတောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ် (၁၀၅)/၅၈လမ်း၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးဝင်းမြင့်၉/မရမ(နိုင်)၀၁၉၅၃၀၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၃၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆုကေသွယ် ၉/မဟမ(နိုင်)၀၅၅၈၇၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၄)၊ ဦးပိုင်အမှတ် (၈၂)/၅၆x၅၇ကြား၊ အနော်ရထာနှင့် ဘုရင့်နောင်ကြားရှိ ဦးကျော်ညွန့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကျော်စိုး၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဦးမြင့်စိုးတို့က တရားပြိုင် ဦးကျော်ညွန့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၁၅၅/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးကျော်စိုး ၉/မရမ(နိုင်)၀၂၇၆၄၈၊ ဒေါ်ဝင်းဝင်းလှိုင် ၉/မရမ(နိုင်)၀၂၇၆၄၉၊ ဦးမြင့်စိုး ၉/မရမ(နိုင်)၀၂၇၆၅၀ တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၂၀၉)၊ ၅၈လမ်း၊ ၂၆x၂၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သောဇနီးဖြစ်သူ ဒေါ်ချစ်ချစ်အေး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၈၉၀/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးခင်မောင်ညွန့် ၉/ညဥန(နိုင်)၀၄၈၅၉၇က အမှုတွဲအမှတ် ၅၈၉၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး /အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၁)၊ ဦးပိုင်အမှတ် (၄)အရှေ့ဘက်ခြမ်းခဲစင်း/၁၁၂လမ်း၊ ၅၆x၅၇လမ်းကြားရှိ ဦးဝင်းမောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးညွန့်ဝေ၊ ဒေါ်မြင့်ကြည်က တရားပြိုင် ဦးဝင်းမောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၁၆၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိသူ ဦးညွန့်ဝေ ၉/မနတ(နိုင်)၀၇၉၃၉၇၊ ဒေါ်မြင့်ကြည် ၉/မနတ(နိုင်)၀၇၉၃၉၈ တို့ ကတောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ၄၂လမ်း၊ အမှတ်(၉၈)တွင် နေထိုင်သော ဦးကြည်ဖြူအောင် ၁၂/မဂတ(နိုင်)၀၉၅၆၂၀ ၏ ဖခင် ဦးထွန်းအောင်(ခ) ထွန်းထွန်းနှင့် ဦးထွန်းအောင် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်အေး ၇/ပခန(နိုင်)၀၂၄၈၃၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၂၂၄၉၈၂**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဇာဂရ
## သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ ပစ္ဆိမာရုံမဟာရွှေကျောင်တိုက်(ကျိုက်လတ်/ရန်ကုန်)စာသင်တိုက်များ၏ ဦးစီးပဓာနာ နာယကရတ္တညူ မဟာနာယက ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ)ဆရာတော် မဟာထေရ်အရှင်သူမြတ်ကြီးသည် သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ၌ သာသနာတော်နှစ် ၂၅၆၇ခု၊ ကောဇာသက္ကရာဇ် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက်၊ ၁၀-၁၂-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် (၆)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

အန္တိမအဂ္ဂိစျာပန ပူဇော်ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၂ရက်) ၁၄-၁၂-၂၀၂၃ ရက်(ကြာသပတေးနေ့) ညနေ (၃)နာရီ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ကျောင်းတိုက်မှကားများ မွန်းလွဲ (၁)နာရီ ထွက်ပါမည်။

**ပစ္ဆိမာရုံ မဟာရွှေကျောင်တိုက်(ကျိုက်လတ်/ရန်ကုန်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၀.၁၇၇ဧကရှိ ဒေါ်မြင့်မြင့်သန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးစိုးမြင့်(ခ)ကောင်ရီဖါ ၉/ပမန(ဧည့်)၀၀၀၀၂၁(ပါ) ၅-ဦး၊(ဦးစိုးမြင့်(ခ)ကောင်ရီဖါ၊ ဦးသက်အောင်၊ ဦးသန့်ဇင်၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ချိုလွဲ့ရည်)တို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲသတ်မှတ်ပေးခြင်း စာအမှတ် ၀၁၀/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၈၆/၂၀၂၃)၊သေဆုံးကြောင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၇၇၅၊ မြေကွက်တည်နေရာအမှတ် ၇၇၅၊ ရဲတံခွန်လမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးလှကြည်) AD-၀၄၉၅၀၃ အမည်ပေါက် ပါမစ်မြေအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနမှ ထုတ်ပေးသော ၈-၄-၁၉၉၀ ရက်နေ့စွဲပါ မြေချပါမစ် အမည်ပေါက် ဦးလှကြည်(ခင်ပွန်း)သည် (၇-၁၁-၂၀၁၀)ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်မြတ်သက်နိုင် ၁၂/လမတ (နိုင်)၀၂၂၂၉၃ မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူတစ်ဦး တစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးလှကြည်၏ သေဆုံးမှုလက် မှတ်တို့နှင့်အတူ ဒေါ်မြတ်သက်နိုင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၄၀x၆၀)ပေအား ဒေါ်ရီရီနွယ် ၇/ညလပ(နိုင်) ၁၃၁၆၉၂၊ ဦးကျော်လွင် ၉/ညဥန(နိုင်) ၁၆၀၃၈၀တို့မှ ဝယ်ယူပြီး၊ ဒေါ်ရီရီနွယ်၊ ဦးကျော်လွင်တို့ထံမှ အရောင်းအဝယ် အရပ်ကတိ စာချုပ်ဖြင့် (၂၀x၆၀)ပေအား ဒေါ်သက်သက်နွယ် ၇/ညလပ(နိုင်) ၁၂၀၅၅၈မှ ဝယ်ယူခဲ့သဖြင့် ဒေါ်ရီရီနွယ်၊ ဦးကျော်လွင်၊ ဒေါ်သက်သက်နွယ်တို့မှ အရောင်းအဝယ်အရပ်ကတိစာချုပ်(၈-၄-၁၉၉၀)ရက်စွဲပါ မြေချပါမစ်တင်ပြ၍ နှစ် (၆၀)မြေငှား စာချုပ်ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၂-၂၀၂၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ယာဉ်အမှတ် 79W/35596 ၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်လက်ဝယ်ရှိသူ ဦးထင်လင်းအောင် ၁၄/မအန(နိုင်)၂၀၆၅၉၂ အစား ဦးထက်လင်းအောင် ၁၄/မအန(နိုင်)၂၀၆ ၅၉၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/5673, Mitsubishi Canter, L/T(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထိုက် ၁၂/တမန(နိုင်)၀၀၄၀၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ် (၃၅)၊ ဧရိယာ(၀ဒသမ၁၂၃)ကေရှိ မြေကွက်အား ဒေါ်ရှောက်ခွေ(ခ)ခင်ဝင်းရီ ၁/ဗမန(နိုင်) ၀၄၁၇၅၇၊ ဦးအောဘယ် ၁၃/နခတ(နိုင်) ၀၁၀၁၉၇ အမည်ဖြင့် သက်တမ်းကုန်၍ မူလဦးပိုင်ဧရိယာအတိုင်း သက်တမ်းတိုးမြေငှားဂရန်သစ် ခွင့်ပြုချထားပေးပါရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**
**ဖုန်း-၀၉-၆၉၅၄၃၀၇၅၇**

## ဒေါ်မြင့်သိန်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၅၆)၊ ဦးပိုင်အမှတ် (၇၀)၊ ဧရိယာ (၀.၀၆၂) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းယဉ်ယဉ်ထွန်း(ခ)ဖြူဖြူ ခိုင်ထံမှ ကျွန်မ ဒေါ်စိုးစိုးဝင်း၊ ဒေါ်စန္ဒာဝင်းတို့မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဂရန်သက်တမ်းမကုန်ဆုံးမီအချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၂၀-၁၂-၂၀၂၃ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်မြင့်သိန်းနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးဝင်း၊ ဒေါ်စန္ဒာဝင်း**
**အကွက်(ပပ-၅၆)၊(ဈ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၈၉၆၅၀၁၈၇**

## ဦးထွန်းသိန်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၇)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ဒသမ၀၅၅၁)ကေအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးထွန်းသိန်းထံမှ ကျွန်မ ဒေါ်ခင်ထွေးမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဂရန်သတ်တမ်းမကုန်ဆုံးမီအချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြု ထားသည်ဖြစ်၍ (၂၀-၁၂-၂၀၂၃)ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဦးထွန်းသိန်းနှင့်အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေး**
**(ဟ-၇)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၈၅၅၁၁၅၄၄**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁၃
## ကွယ်လွန်သူ ဒေါ်တင်အေး၏
## ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် D 1၊ မြေကွက်အမှတ် ၃၈၊ မြေအမျိုးအစား တတိယတန်း၊ အကျယ်အဝန်း အလျား x အနံ (၆၀ x ၅၀)ပေခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များအားလုံး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်အေး၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ-၃၀၇(၂) အရ စီမံခန့်ခွဲခွင့်ပြုပါရန် ၎င်း၏သမီးဖြစ်သူ ဒေါ်သောင်းမြ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်မီနာ)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လဆန်း ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထို ကွယ်လွန်သူ ဒေါ်တင်အေး၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ဤအမှုကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လဆန်း ၉ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သောင်းမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥက္ကာမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မစ်ရှင်လမ်း၊ သဇင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၃၇/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ် (၁၀၉)၊ ဧရိယာ(၀ဒသမ၀၇၃)ကေရှိ ဝင်းမြေအား ဒေါ်တင်နီလာဝင်း (ဘ)ဦးမောင် ဝင်း ၅/ကလထ(နိုင်) ၁၅၂၈၃က ၎င်းအမည်ဖြင့် မြေဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများစသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ကလေးမြို့**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ ၃လမ်း၊ အမှတ် ၁၅၈ဟု ခေါ်တွင်သော ဦးသန့်ဇင်- မလှစန်းမြင့် အမည်ပေါက် ပေ၂၀X ပေ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်နှင့်မြေ အကျိုးခံစားခွင့်အားလုံးကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဦးမောင်မောင်တင် ၁၂/ဥကမ(နိုင်)၀၁၃၃၇၆ နှင့် ဒေါ်ဝင်းကြည် ၁၂/ ဥကမ(နိုင်) ၀၁၃၄၅၀ တို့မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မ AH PEIN ၁၂/လမန(ပြု)၀၀၁၆၆၀ မှ ဝယ်ယူရန် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**AH PEIN**
**၁၂/လမန(ပြု)၀၀၁၆၆၀**
**ဖုန်း-၀၉-၅၁၉၈၀၈၇**

## တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်နေ ဦးရွှေမြင့်၏သမီး ဒေါ်ဖူးပွင့်ဟန် ၆/ကသန(နိုင်)၀၈၆၂၇၆ နှင့် အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သူဌေးကျွန်းနေ ဦးထက်ဝေယံ ၉/ဇဗသ(နိုင်)၀၀၃၂၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဖူးပွင့်ဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ဖူးပွင့်ဟန်တို့သည် ၈-၁-၂၀၂၂ရက်တွင် ကော့သောင်းမြို့တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြရာ အိမ်ထောင်သက်တမ်း(၁)နှစ်ကျော်(၂)နှစ်နီးပါး ခန့်ရှိပြီဖြစ်ပါသည်။ ထိုသို့ လက်ထပ်ထိမ်းမြားပြီးနောက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သူဌေးကျွန်းအရပ်ရှိ နေအိမ်သို့ နှစ်ဦးအတူတကွ သွားရောက်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ၃-၁၂-၂၀၂၃ရက်နံနက် ၇:၃၀နာရီတွင် ကျွန်ုပ်၏မိတ်ဆွေမှ အလုပ်ကိစ္စသွားရောက်လုပ်ကိုင်နေပြီးထိုနေ့ ညနေ ၅:၃၀ နာရီတွင် နေအိမ်သို့ ပြန်ရောက်သည့်အခါ ဇနီးဖြစ်သူ ဒေါ်ဖူးပွင့်ဟန်အား မတွေ့ရှိတော့ပဲ ကျွန်ုပ်၏မိတ်ဆွေရှာဖွေ စုဆောင်းထားသည့် ငွေကြေးများကို ယူဆောင်ကာ နေအိမ်မှထွက်ခွာသွားကြောင်းသိ ရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ကျွန်ုပ်မိတ်ဆွေ ရှာဖွေစုဆောင်းထားသော ငွေကြေးများကို ယူ ဆောင်ကာ နေအိမ်ပေါ်မှ ၎င်း၏သဘောအတိုင်း ထွက်ခွာသွားသည့် ဇနီးဖြစ်သူ ဒေါ်ဖူးပွင့်ဟန်အနေဖြင့် ယခုကိစ္စနှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁) လအတွင်း ကျွန်ုပ်၏မိတ်ဆွေ နေထိုင်ရာနေအိမ်သို့ လာရောက်ကာဖြေရှင်းပေးရန်နှင့် တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးရန် အကြောင်းကြားအပ်ပါသည်။ ဒေါ်ဖူးပွင့်ဟန်အနေဖြင့် အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ဖူးပွင့်ဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်မင်းဟန်(LL.B)** | **ဦးကျော်ကျော်ရှိုင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၂၆/၂၀၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၇)** |
| **အမှတ်(၁၄/၄၇၈)၊ ပေါင်းလောင်း(၆)လမ်း** | **အမှတ်(၇၆၈၈)၊ ရွှေတောင်လမ်း၊** |
| **ပျဉ်းမနားမြို့၊ နေပြည်တော်၊** | **ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့၊** |
| **ဖုန်း-၀၉- ၄၂၀၇၅၅၆၄၃** | **နေပြည်တော်၊ ဖုန်း-၀၉-၂၆၀၈၆၇၄၀၂** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ ရန်အောင်ရပ်(မီးလောင်မြေ)၊ ဦးပိုင်အမှတ်(၈၃)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်ကျော့ရင်(ဘ)ဦးစိန်တိုး ၉/ရမသ(နိုင်) ၀၀၄၂၉၇ အမည်ပေါက် (မြို့မြေ)ကွက်အား ဦးချစ်ယဉ်မင်း(ဘ)ဦးတင်အေး ၉/လဝန(နိုင်) ၂၄၁၉၃၅မှ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးနူရ်အာလောင် ၁၁/မတန(နိုင်)၀၃၂၇၅၇ နှင့်တကွ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာချို ၁၂/ဒဂတ(နိုင်)၁၄၄၂၄၅၏ လွှဲအပ်ညွှန်ကြားချက်အရဦးနူရ်အာလောင်နှင့်တကွအများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ ရွှေပေါက်ကံမြို့သစ်၊ ကွင်းအမှတ်(၄၈၇-B)၊ ဦးပိုင်အမှတ်(၅၂/၁)၊ ၂.၀၀ ဧကရှိသည့်အနက်မှ ညောင်ရမ်းလမ်းမေးတင် အကျယ်အဝန်း(၅၀ပေX၂၁၀ပေ)ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးဇော်မျိုးအောင် ၉/မနမ(နိုင်)၁၁၂၄၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာချိုက ၂၃-၇-၂၀၂၀ ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးနူရ်အာလောင်မှာ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့်အတူ ယောက္ခမဖြစ်သူ ဒေါ်နီလာချိုနှင့် ဟန်ဆောင်ချုပ်ဆိုထားသည့် အရောင်းအဝယ်စာချုပ်တို့အား ခိုးယူကာ နေအိမ်မှ ဆင်းသွားခဲ့ပြီး တိမ်းရှောင်နေသဖြင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာချိုမသိရှိဘဲ ဦးနူရ်အာလောင်အနေဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရန် ဦးနူရ်အာလောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ တစ်နည်းနည်းဖြင့် အိမ်ခြံမြေအား ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနန်းထိုက်ဦး(LL.B)** | **ဒေါ်နန်းမိမိသက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၀၉/၂၀၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၂၇၆)** |
| **အမှတ် (၉၁)၊ အောင်ချမ်းသာရပ်၊** | **ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့** |
| **ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်** | **ဖုန်း-၀၉- ၈၈၀၆၄၉၆၂၃** |
| **ဖုန်း-၀၉-၈၃၀၆၆၀၆၊ ၀၉- ၂၅၄၅၇၂၅၇၈** | |

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကင်း ၅/မမန(နိုင်) ၀၅၆၈၁၁သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၈၅/B၁)၊ အခန်း (၅၀၁) (၅)လွှာနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုသည် ကျွန်ုပ်၏ မိတ်ဆွေ ဦးရန်ကင်းနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ- တိုက်အမှတ်(၁၇၈/ဘီ)၊ (၈)လွှာ၊**
**ဂန္ဓဝင်နန်းတော်ကွန်ဒို၊ အထက်ပန်း ဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၉၇၁၅၅၈၈၊ ၀၉-၄၅၈၇၀၅၆၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မုန်းမြင့်အုပ်စု၊ သမော်အင်းကျေးရွာ အဘွားဖြစ်သူ ဒေါ်လှရှင် ၈/ပဖန(နိုင်) ၀၅၂၄၄၉မှ ၎င်းပိုင်ဆိုင်သော

၁။ အလျား ၆၀ပေ - အနံ ၄၅ ပေရှိ ဝိုင်းမြေနှင့် ၎င်းဝိုင်းမြေပေါ်ရှိ လေးပင်းသွပ်တန်းချထရံကာ သွပ်မိုးနေအိမ်တစ်လုံးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံး

၂။ အကွက်အမည်-မုန်းမြင့်၊ အကွက်အမှတ် -၈၇၅၊ ဦးပိုင်အမှတ်(၅၅/၃) ကိုင်းမြေ၊ ဧရိယာ(၂ဒသမ၀၄)ကေရှိ ကိုင်းမြေတစ်ကွက် တို့အား မြေးတော်စပ်သူ (ဘ) ဦးကျော်စိုး၏သား ကျွန်တော် ဦးဇော်လွင် ၈/ပဖန(နိုင်) ၀၀၉၈၉၀အား တရား လွှတ်တော်ရှေ့နေ ဒေါ်အေးသူဇာနှင့်အသိသက်သေများ ရှေ့မှောက်တွင် စာချုပ် ချုပ်ဆို၍ အဘွားဒေါ်လှရှင်မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးဇော်လွင်၊ သမော်အင်းရွာ၊ ပွင့်ဖြူမြို့နယ်**
**ဖုန်း-၀၉-၇၅၅၉၃၅၉၅၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/99889, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းစိုး ၁၄/ဝခမ(နိုင်)၁၅၅၃၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/60843, Yongon Wuling Diesel ယာဉ်လက်ဝယ်ရှိသူ စောမင်းထွန်း ၁၄/လမန(နိုင်)၀၈၁၁၉၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအား ပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့် အပြင် နိုင်ငံခြားဝင်ငွေလိုအပ်ချက်ကို လည်း အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှု မှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင် များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီ သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ် ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




## PENANG INVITATIONAL JUDO CHAMPIONSHIP 2023 ပြိုင်ပွဲတွင် မြန်မာဂျူဒိုအားကစားအဖွဲ့ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မလေးရှားနိုင်ငံ ပီနန်မြို့၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပခဲ့သည့် PENANG INVITATIONAL JUDO CHAMPIONSHIP 2023 ပြိုင်ပွဲ အမျိုးသား (-28) kg ပြိုင်ပွဲတွင် မောင်အောင်ဇေထက်က ရွှေတံဆိပ်တစ်ခု၊ (-66)kgပြိုင်ပွဲတွင် မောင်ထက်အောင်က

*စာမျက်နှာ ၁၇ ကော်လံ ၁* ✻

## ရွှေတိဂုံစေတီတော်၏ ဝင်ကြေး အလှူငွေအမေရိကန် ဒေါ်လာသန်း ၂၀ ကျော်နှင့် ဗိုလ်တထောင်စေတီ၏ အလှူငွေနှင့်ဝင်ကြေး အမေရိကန်ဒေါ်လာများကို အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ငွေလဲနှုန်းဖြင့် တန်ဖိုးဖြတ်၍ မြန်မာကျပ်ငွေများပြန်လည်ထုတ်ပေးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းထားသော အလှူငွေများနှင့် ဝင်ကြေးများမှ ဘဏ်များတွင် အပ်ငွေအဖြစ် အပ်နှံထားသော အမေရိကန်ဒေါ်လာများကို တစ်ဒေါ်လာ လျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် တန်ဖိုးဖြတ်သိမ်းယူပြီး မြန်မာကျပ်ငွေများ ပြန်လည် ထုတ်ပေးခဲ့ကြောင်း၊ ထို့အတူ ဗိုလ်တထောင်စေတီ၏ အလှူငွေနှင့်ဝင်ကြေး အမေရိကန်ဒေါ်လာများကိုလည်း တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ငွေလဲနှုန်းဖြင့် တန်ဖိုးဖြတ်၍ မြန်မာကျပ်ငွေများ ပြန်လည်ထုတ်ပေးခဲ့ကြောင်း ဂေါပကအဖွဲ့၊ ဘဏ္ဍာရေးနှင့်နီးစပ်သော သတင်းအရင်းအမြစ်က ပြောသည်ဟု လုပ်ကြံသတင်းတု များအား တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit မှ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

*စာမျက်နှာ ၁၇ ကော်လံ ၄* ❍

**ယနေ့ သတင်းအညွှန်း**

**အမေရိကန် အက်ဖ် - ၁၆ ဂျက်တိုက်လေယာဉ်တစ်စင်း ပင်လယ်ဝါတွင် ပျက်ကျ**
နိုင်ငံတကာသတင်း စာ ၁၃

**မြဝတီကုန်သွယ်ရေးဇုန်မှ ဂေါ်ဖီ၊ ငရုတ်နှင့် ငါးမျိုးစုံတင်ပို့**
စီးပွားရေးသတင်းများ စာ ၁၆

**ဟိုပုံးမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၉

## ဘာစီလိုနာကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို နှစ်မှတ်အသာဖြင့် ဂျီရိုနာ ဦးဆောင်

ဒီဇင်ဘာ ၁၁ ရက် နံနက် ၂ နာရီခွဲ က ယှဉ်ပြိုင်ကစားခဲ့သည့် စပိန် လာလီဂါပွဲစဉ် (၁၆) မှ အကောင်း ဆုံးပွဲတစ်ပွဲဖြစ်သည့် ဘာစီလိုနာ နှင့် ဂျီရိုနာအသင်းပွဲစဉ်တွင် ဂျီရိုနာအသင်းက လေးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိပြီး အမှတ်ပေး ဇယားကို နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ယခုနှစ်ရာသီတွင် ခြေစွမ်း ထက်မြက်ပြီး ပုံစံကောင်းရရှိနေ သည့် ဂျီရိုနာအသင်းသည် ယခု ပွဲစဉ်တွင်လည်း အသင်းကြီး ဘာစီလိုနာအသင်းကို ခြေရည်တူ ကစားနိုင်ခဲ့ကာ အရေးပါသည့်

*စာမျက်နှာ ၁၇ ကော်လံ ၅* ❖



ဂျီရိုနာအသင်းတိုက်စစ်မှူး ဘာစီလိုနာအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။